www.burmeseclassic.com

ဗိုက်ပူ၏

# ဘာဆိမ့်ဆိမ့်ဘာသိမ့်သိမ့်ဟာသများ



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၆၄၅ / ၂၀၀၄ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၉၁၂ / ၂၀၀၄ (၁၀)
ထုတ်ဝေသည့်အကြိမ် ပထမအကြိမ်
အုပ်ရေ ၅၀၀
မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်း MTT
ဖြန့်ချိရေး ရည်မွန်ဦးစာပေ
မျက်နှာဖုံးနှင့် ဒေါက်တာရှိဆန်း
အတွင်းစာသားပုံနှိပ် ရွှေမြားပုံနှိပ်တိုက်
(ယာယီမှတ်ပုံတင်အမှတ်-၂၉၉၄)
အမှတ်-၅၃၊ ၅၆ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ ဦးခင်မောင်သိန်းဆွေ
သဠာဝတီစာပေ၊ (မြ-၀၇၄၇)
တိုက်-၂၄၀၊ (၂၅)ရပ်ကွက်၊
ဧယျာသုခလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
တန်ဖိုး ၅၀၀/-

# မာတိကာ

၁။ ယုံစမ်းပါခင်ရယ်
၂။ မျက်နှာပွင့်ဆေး
၃။ ကြီးကြောက်ကြဲကြောက်
၄။ နောင်တ
၅။ တပည့်ထူးချွန်
၆။ ကပ်တီးမှူးလဲ
၇။ သားသားမေးမယ်
၈။ ယောင်လို့ပါရှင်
၉။ ဒါကဒီလို
၁၀။ ရှေ့ပြီးတော့
၁၁။ ရောဂါဆန်း
၁၂။ ညြှော်. . . ဒီလိုကိုး
၁၃။ ဟောက်သံတိတ်မှအိပ်ပါလားကွယ်
၁၄။ ဝိတ်ပါလက်ပါ ပိန်နည်းသစ်
၁၅။ မီးမေးမယ်
၁၆။ ရွှေယုန်ရွှေကျားပုံပြင်သစ်
၁၇။ သေချာလိုက်ပုံက
၁၈။ ပီပြင်ခံစား
၁၉။ မယုံရင်လောင်းမလား
၂၀။ အမေးနဲ့အဖြေ

www.burmeseclassic.com


၂၁။ ခေါင်းစဉ်

၂၂။ ဒါကြောင့် . . . ဒီလို

၂၃။ တောက် . . .

၂၄။ ဘမျိုးဘိုးတူ

၂၅။ တော်လွန်းလို့ပါ

၂၆။ ဒေါသကူမွှာရနဲ့ နမော်နမဲ့

၂၇။ ဆပ်ပြီးသား

၂၈။ ဒုက္ခ လှလှ

၂၉။ အာရှသားဟေ့

၃၀။ နာလေးနာ

၃၁။ သက်သာရာရှာမှတော့

၃၂။ ဆိုးလိုက်တဲ့သား

၃၃။ စဉ်းစားကြည့်ပါဗျာ

၃၄။ ပစ်တိုင်းထိ

၃၅။ ပွဲသိမ်း (၁)

၃၆။ ပွဲသိမ်း (၂)

၃၇။ ရင်တွင်းဖြစ်

၃၈။ ရှိုရှိုလေးမို့ . . . ချစ်တာပါ

၃၉။ မှတ်ဖွယ်သင်ခန်းစာ

၄၀။ ပေးဦး . . . မှာ

၄၁။ ကြားလား

၄၂။ ပြာလွင်လွင်ဝေဟင်မယ်

၄၃။ ရဲရဲတောက်

၄၄။ ပြောပါဘူးဆို

၄၅။ ရောင်းနည်းသစ်

၄၆။ အရိပ်သုံးပါး

၄၇။ အလုပ်ဆိုတာ

၄၈။ ကျွန်မသိပြီ

၄၉။ ယုံရင်ပြီးတာပဲ

၅၀။ နိုင်းဝရာရှားလို့

၅၁။ ဦးလူပုနှင့်တာပည့်ကျော်များ

၅၂။ စကားပြန်

၅၃။ စောစောပြောပါလား

၅၄။ အထင်ကြီးမိပုံက

၅၅။ မှားချက်ကယ်နာ

၅၆။ မသိသူကျော်သွား

၅၇။ ငယ်ရွယ်သူကိုကြင်နာပါ

၅၈။ ဟုတ်ရဲ့လား

၅၉။ ခက်လွန်လွန်းလို့

၆၀။ ရွှေငါးလေးသေသွားလို့

၆၁။ ခုတင်အောက်ကသေတ္တာ ၈ ကလေး

၆၂။ ဘယ့်နှယ့်လုပ်ရပါ့


www.burmeseclassic.com

www.burmeseclassic.com


၆၃။ မောင်ဝဝ်ပုနှင့်သူ့အဖေ
၆၄။ သူဌေးကြေးပုံ့ချင်သူ
၆၅။ မခြွင်းမချန်ပြသည့်အရင်းခံဗီဇ
၆၆။ နိုးပရိုရာရမ်ပေတိုး
၆၇။ မာမိမသိဘူး. . . သမီးသိတယ်
၆၈။ ကြည့်လည်းပြောပါဦး
၆၉။ နေမကောင်းလို့ပါဆို
၇၀။ ဝါသနာ . . . ဝါသနာ
၇၁။ မြင်ဖူးပေါင်အသွင်ထူးကောင်
၇၂။ ဟုတ်ဖူးလေ
၇၃။ အိုးနဲ့ဝလောင်း
၇၄။ ဘယ်လမ်း
၇၅။ ဝယ်ရောင်းမဟုတ်သောဝယ်ကျောင်း
၇၆။ ငရဲကိုလည်းလိုက်မှာပဲဆို
၇၇။ တိုတ်တိုတ်နေမယ် . . . ရပါတယ်
၇၈။ အားပါဘူးဆိုမှ
၇၉။ နားလည်ပေးပါ
၈၀။ ချစ်စကိုရှည်စေတဲ့
၈၁။ မြင်ခြောက် ရေလေး
၈၂။ တာတယ့်ဒုက္ခ


ကျွန်တော်၏
စာဖတ်ပရိသတ်များ၊
သရုပ်ဖော်ကိုစိုင်းကျော်သိဟနှင့်အဖွဲ့နဝင်း

တို့အား ကျေးဇူးတင်စွာဖြင့်

ဗိုက်ပူ

www.burmeseclassic.com

www.burmeseclassic.com







# ယုံစမ်းပါခင်ရယ် . . .

အိမ်ထောင်သက် အတန်အသင့်ရပြီး လင်မယားနှစ်ဦး ကျိစယ် ကလူပြုနေကြစဉ်... ဇနီးဖြစ်သူက မေး၏။

ဇနီး ။ "မောင်... ကျွန်မ သေသွားရင် နောက် တစ်ယောက် ထပ်ယူဦးမှာလား... ဟင်"

ကျား ။ "ခင်တလွဲရင် ဘယ်သူကိုမှ စိတ်မကူးပါဘူးကွယ်၊ အဲ . . ဒါပေမယ့် . . အသက်ကြီးလာရင်တော့ အဖော်လိုတယ်မဟုတ်လား... အဲဒီအချိန်ကျရင်တော့"

ဇနီး ။ "အင်းလေ... ဒါလည်းဟုတ်တာပဲ... ခင် မောင့်ကို စိတ်မဆိုးပါဘူး . . . ယူပေါ့ . . . ဒါနဲ့ . . . မောင်ယူမယ့် မိန်းမနဲ့... ဒီအိမ်မှာပဲ နေမှာလားဟင်"

ကျား ။ "ဒီအိမ်က မောင့်စိတ်တိုင်းကျ ဆောက်ထားတာ ခင်ရဲ့ ...။ ရောင်းပစ်ရမှာ နှမြောစရာကြီး.... ဒီတော့.. ဒီအိမ်မှာပဲ နေရမှာပဲ"

ဇနီး ။ "ဒါဆို... အိပ်တော့လည်း... ဒီခုတင်နဲ့ ပဲလား"

ကျား ။ "ဒီခုတင်ကလည်း... မောင်တို့ မင်္ဂလာဦးတုန်းက.. စိတ်ကြိုက်အော်ဒါမှာပြီး လုပ်ထားတာ ခင်ရဲ့ . ရောင်းမပစ် ရက်ပါဘူး... ဒီခုတင်ပေါ်ပဲ အိပ်ရမှာပဲ"

ဇနီး ။ (မကျေမနပ်ဖြစ်လာသော လေသံဖြင့်) "ထားပါတော့ .. ဒါဆို ခင့်အဝတ်အစားတွေလည်း သူယူဝတ်မှာပေါ့ .. ဟုတ်လား"

ကျား ။ (ကပျာကယာဖြင့်) "ဟာ... ဒါတော့ စိတ်ချ... လုံးဝ မဝတ်ဘူး... သူကခင့်ထက် "ဝ" တယ်"

www.burmeseclassic.com



# မျက်နှာပွင့်ဆေး

သမက်လောင်းကို ဗျူးချင်သည်ဆိုသဖြင့် ရွှေလုံးမှာ ရည်စားဖြစ်သူ လိပ်ပုကို အိမ်သို့လာလည်ရန် ခေါ်လေသည်။ ထိုအခါ လိပ်ပုမှာ ရင်တွေ တအားခုန်၊ ခြေဖျားလက်ဖျားတွေ အေးလာ၏။ အဆင်မပြေမှာ ကြောက်ပေသကိုး။ ထို့ကြောင့် သူငယ်ချင်းများ၏ လမ်းညွှန်ချက်အရ မျက်နှာပွင့်ဆေးရောင်းသော ဈေးထဲမှ ပရဆေးဆိုင်သို့ သွား၏။ ဆိုင်ရှင်ကလည်း သူ၏ ဆေးစွမ်းကြောင်း လည်ဖြတ်ကြေး အာမခံ၏။ လိပ်ပုလည်း ထိုဆေးကိုဆောင်ပြီးသကာလ ယောက္ခမလောင်းအိမ်သို့ သွားလေသည်။ ဆေးစွမ်းကား ထက်လေစွ။ ယောက္ခထီးလောင်းကြီးက သူ့အား နှုတ်ဆက်စကား တစ်ခွန်း နှစ်ခွန်း ပြောပြီးနောက် မိန်းမဖြစ်သူနှင့် အိမ်မှထွက်သွားတော့၏။ ရွှေလုံးကား ဝမ်းသာမဆုံးပြီ။ ထို့ကြောင့် လိပ်ပုနားကပ်ကာ ပြော၏။

လုံး ။ "ဝမ်းသာလိုက်တာ ကိုကိုလိပ်ရယ်။ လုံးလုံးဖြင့် အဆင်မှ ပြေပါ့မလားလို့ စိုးရိမ်လိုက်ရတာ၊ အဖေနဲ့ အရင်ထဲက သိလားဟင်"

ပု ။ "ဟင့်အင်း... လုံးလုံးအဖေ ပရဆေးရောင်းမှန်း ဒီနေ့မှသိတာ"





www.burmeseclassic.com

www.burmeseclassic.com







# ကြီးကြောက်၊ ကြံကြောက်

အာရှတိုက်သား မျက်မမြင်တစ်ဦး ဥရောပသို့ အလည်အပတ် သွား၏။ လေယာဉ်ပေါ်ရှိ ခုံတွင်အထိုင် လူက နောက်သို့ လန်ကျသွားသဖြင့် "အလိုလေး… ခုံက အကြီးကြီး ပါလား"ဟု ရေရွတ်မိ၏။ ထိုအခါ ဘေးတွင် ထိုင်သူက "ဥရောပသား တွေက လူရော၊ သုံးတဲ့ပစ္စည်းရော အကြီးစားတွေဗျ" ဟု ရယ်သွမ်း သွေး၏။

ဟိုတယ်တစ်ခုတွင် တည်းခိုပြီး ညဘက်တွင် ဘားခန်းသို့ သွားကာ ဘီယာသောက်၏။ စားပွဲထိုးလာချပေးသော ဘီယာခွက်ကို လက်နှင့်စမ်းရင်း "ဘီယာခွက်ကလည်း အကြီးကြီးပဲကိုး" ဟု ရေရွတ်မိပြန်၏။ စားပွဲထိုးက "ဒီမှာတော့ အားလုံး အကြီးကြီး တွေပဲခင်ဗျ" ဟု တုန့်ပြန်ပြောကြား၏။ ဘီယာနှစ်ခွက်မျှ ဝင်ပြီးသော် ဆိုသွားချင်လာသဖြင့် စားပွဲထိုးအား အိမ်သာမေးရာ ဘယ်ကွေ့ ညာကွေ့ စသည်ဖြင့် ပြောပြလိုက်၏။ ဘီယာအရှိန်ရနေသော အနီးပုဂ္ဂိုလ်ကား သွားရင်းသွားရင်း လမ်းမှားကာ ရေကူးကန်ဘက် လျှောက်သွားပြီး ကန်ထဲ လိမ့်ကျသွားတော့၏။ ထိုအခါ ကြောက်အား အသံအားဖြင့် "လာကြပါဦး…ကယ်ကြပါဦးဗျို့" ဟု သံကုန်ဟစ်၏။ ခဏအတွင်း ပြေးလာသော ဧည့်သည်များကို ကြားရသည့်အခါတွင် ကမန်းကတန်း သူလှမ်းပြောလိုက်ပုံမှာကား

"ဟော့ … ဟော့ … လူတွေ၊ ကျုပ်ကို အိမ်သာအိုးထဲက အရင်ဆယ်ဦးဗျ။ ရေဆွဲမချလိုက်နဲ့" ဟူသတည်း။

www.burmeseclassic.com

www.burmeseclassic.com





# နောင်တ

ညတစ်ည သန်းခေါင်ယံအချိန် ဇနီးဖြစ်သူ တစ်ရေးနိုးလာ၍ ယောက်ျားဖြစ်သူကို ရှာရာ မီးဖိုချောင်ထဲ၌ ရှိုက်ကြီးတငင်ငိုကြွေးနေသည်ကို တွေ့လိုက်ရလေသည်။

ဇနီး ။ "မောင်··· ဘာဖြစ်လို့ငိုနေတာလဲ"

ကျား ။ "တို့တတွေ သမီးရည်းစားဘဝချိန်းတွေ့တုန်းက··· မင်းအဖေကြီး မိသွားတော့ မင်းအဖေကြီးပြောတဲ့ စကားကို မှတ်မိသေးရဲ့ လား··· မင်း ငါ့သမီးကို အတည်ယူမှာလား ··· မယူရင်တော့ ထောင်ထဲမှာ အနှစ်နှစ်ဆယ်သွားနေပေတော့ ဆိုတာလေ"·

ဇနီး ။ "မှတ်မိသားပဲ··· အဲဒါဘာဖြစ်လို့လဲ"

ကျား ။ "အေး ··· အဲဒီတုန်းကသာ ထောင်ကျရင်··· ဒီနေ့ လွတ်ပြီ··· အီး ဟီးဟီးဟီး··· ရှုတ်"





# တပည့်ထူးချွန်

ပါမောက္ခတစ်ဦးသည် ဆေးကျောင်းသားများနှင့်အတူ ရောင်းလှည့်ရင်း လူနာတစ်ဦးနားရောက်လာလေသည်။ ရိုက်ထားသော ဓာတ်မှန်ကို ထောင်ကြည့်ရင်းပါမောက္ခက

"ကဲ . . . ဒီမှာကြည့်ကြ လူနာဟာ ထော့နဲ့ထော့နဲ့ သမ်းလျှောက်နေရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ညာခြေထောက်က တံကျင်ရိုးနဲ့ ညို့သကျည်းရိုးဟာ ကွေးသွားလို့ပဲ။ ကဲ . . . ပေတလူ . . . မင်းဒီလိုကေ့စ်မျိုးမှာ ဆိုရင် ဘယ်လိုလုပ်မလဲ"

ပေတလူလည်း အားကျိုးမာန်တက် ပြန်ဖြေရှာပါတော့သည်။

"ဘာတတ်နိုင်မှာလဲ ဆရာမရယ် . . . ကျွန်တော်လဲ ထော့နဲ့ထော့နဲ့ပဲ လျှောက်ရတော့မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



# ဂါပ်တီးမှုးလဲ

လမ်းဘေးအရက်ဆိုင်တစ်ဆိုင်တွင် လူရွယ်တစ်ယောက် အရက် တစ်ခွက်ကို ရှေ့ချကာ ငူငူကြီးထိုင်နေ၏။ ထိုစဉ် သူ့ဘေးသို့ အမူးသမား တစ်ယောက်ဝင်ထိုင်၏။ ပြီးလျှင် ဘာမပြောညာမပြော လူရွယ်ရှေ့ မှအရက်ခွက်ကို ဆတ်ခနဲကောက်ယူကာ မော့ချလိုက်လေရာ လူရွယ်မှာမျက်ရည်များ ကျလာလေသည်။

အမူး။ ။ "ဟာ... ဟော့ကောင်... ငါကနောက်တာပါကွာ၊ မင်းအရက်ကို ငါပြန်တိုက်ပါ့မယ် ... "

ရွယ်။ ။ " ကျွန်တော် အဲဒါကြောင့်ငိုတာမဟုတ်ပါဘူးဗျာ၊ ဒီနေ့ ကျွန်တော် ကံဆိုးလွန်းလို့ပါ။ ကျွန်တော် ဒီမနက် အလုပ်ပြုတ်သွားတယ်။ ဒါနဲ့ အိမ်ပြန် သွားတော့ မိန်းမက လင်ငယ်နောက် လိုက်သွားပြီ။ အိမ်က ပစ္စည်းတွေလည်း အကုန် "မ" သွားတယ်။ ဒါနဲ့ စိတ်ညစ်လို့ မထူးတော့ပါဘူးဆိုပြီး ဒီကို လာတော့လည်း ... ခင်ဗျားက... ခင်ဗျားက ... အဆိပ်ထည့်ထားတဲ့ ကျွန်တော့်ခွက်ကို သောက်ပစ်လိုက်တော့... ကျွန်တော့်လောက် ကံဆိုးတဲ့ လူရှိပါဦးမလားဗျာ... အီး... ဟီး ... ဟီး "





www.burmeseclassic.com

www.burmeseclassic.com





# သားသားမေးမယ်

ဖခင်ဖြစ်သူ ကိုလေပွေနှင့်သားဖြစ်သူ မောင်မုန်တိုင်းတို့ တွေ့ရာ လေးပါး စကားပြောရာမှ သားဖြစ်သူကမေးမြန်း၏။

မုန်တိုင်း ။ ။ အချို့နိုင်ငံတွေမှာ ယောကျ်ားတွေဟာ သူတို့ယူမယ့် မိန်းမကို ယူခါနီးမှပဲ မြင်ဖူးတယ်ဆိုပြီး ပြောတာ ဟုတ်လားအဖေ။

ပွေ ။ ။ ဒါကတော့ နိုင်ငံတိုင်းမှာဒီလိုပါပဲသားရယ်။

မုန်တိုင်း ။ ။ ဒါနဲ့အဖေ . . . မိန်းမယူရင်ဘယ်လောက်ကုန်သလဲဟင်။

ပွေ ။ ။ မသိပါဘူး သားရယ် . . . အဖေတော့ ခုထိပေးနေရတုန်းပဲ။





# ယောင်လို့ပါရှင်

လည်ချောင်းခွဲစိတ်ထားသော လူနာသစ်တစ်ယောက်အတွက် အနီဝတ်သူနာပြုအသစ်ကလေးတစ်ဦးကို တာဝန်ချထား၏။ လူနာမှာ စကားပြော၍ မရသေးသဖြင့် ပြောချင်သည်များကို ရေးပြနိုင်ရန် ကျောက်သင်ပုန်းတစ်ချပ်နှင့် မြေဖြူခဲတစ်ချောင်းထားတွင် ချပေးထား၏။ ဆရာမလေး အခန်းသန့်ရှင်းရေး လုပ်နေချိန် လူနာက ကျောက်သင်ပုန်းပေါ်တွင် စာရေးပြီး ဆရာမလေးကို ပြ၏။

" ကျွန်တော်ချမ်းနေတယ်ဆရာမ "

ထိုအခါ ဆရာမလေးက မြေဖြူခဲကိုယူ၍ စာပြန်ရေးပြ၏။

" ခေါင်းရင်းက တံခါးကို ပိတ်ပေးရမှာလား "

လူနာက ခေါင်းငြိမ့်ပြီး ကျောက်သင်ပုန်းယူ၍ စာရေးပြသည်။

"စကားမပြောနိုင်ပေမယ့် နားတော့ ကောင်းကောင်းကြားပါတယ် ဆရာမရယ်"

www.burmeseclassic.com

www.burmeseclassic.com



# ဒါက ဒီလိုပါ

ငရဲပြည်သို့ ယခုနေရောက်လာသော လူသုံးဦးကို ယမမင်းက အင်တာဗျူးနေ၏။

**ယမမင်း** ။ "ကဲကိုယ့်လူ ဒီရောက်ပုံဇာတ်လမ်းလေးပြောပါဦး"

**ပထမလူ** ။ "ကျွန်တော့်မိန်းမကို မသင်္ကာတာကြာပြီ။ မနေ့ကတော့ ပြန်ချောင်းမယ်ဆိုပြီး စောစောအိမ်ပြန်လာတယ်။ အိမ်ရောက်တော့ မိန်းမက ရေချိုးခန်းထဲမှာ၊ ဒါနဲ့ အိမ်ခန်းတွေ လှည့်ရှာတော့လည်း တစ်ယောက်မှ မတွေ့ဘူး။ ဒါနဲ့ ဝရန်တာထွက်ကြည့်တော့.. လားလား . . . ကိုယ်တော်ချောက ဝရံတာမှာ တွဲလောင်းခိုနေတာကိုး... ကျွန်တော်လည်း ဒေါသ တအားထွက်လာပြီး သူ့လက်တွေကို ခြေထောက်နဲ့ ကန်တယ်၊ ဒီကောင် ပြုတ်မကျဘူးဗျ။ ဒါနဲ့ အိမ်ထဲ ပြန်ဝင် . . .

တံမြက်စည်းယူပြီး ဒီကောင့် လက်တွေကို ရိုက်ချတယ်။ ဒီတော့မှ သကောင့်သားက ပြုတ်ကျ တော့တာကိုး။ အဲ.. သူ့ ကံကလည်း တော်တော် ကောင်းသဗျ။ မြေကြီးပေါ် မကျဘဲ သစ်ပင်ပေါ် ကျတယ်။ ဒါနဲ့ .. ဒီကောင့်ကို မသေ သေအောင် သတ်မယ်ဆိုပြီး အိမ်ထဲပြန်ဝင်... အိပ်ရာဘေး က သေတ္တာကြီးကို အတင်းဆွဲယူလာ . . . သေတ္တာကြီးကလည်း လေးလိုက်တာဗျာ၊ အဲဒီ သေတ္တာကြီးကို ဒီကောင့်ပေါ်တွန်းချလိုက်တော့ ဒီကောင်ကိစ္စချောတော့တာပဲ။ သူ့ကိုကြည့်ရင်း





ကျွန်တော် လူသတ်မိပြီဆိုတဲ့ အသိဝင်လာတော့ ကျွန်တော် သိပ်ကြောက်သွားပြီး ကိုယ့် ကိုယ်ကို သတ်သေပစ်လိုက်တာပဲ"

**ယမမင်း** ။ "ဟုတ်ပါပြီ... ကဲ... နောက်တစ်ယောက်"

**ဒုတိယလူ** ။ "ကျွန်တော်က စလောင်းဆင်တဲ့သူပါ။ အဲဒီနေ့က (ပထမလူကို လက်ညှိုးထိုးရင်း) သူတို့ အပေါ်ထပ် အိမ်က စလောင်းကိုခေါင်မိုးပေါ်မှာ ဆင်နေတုန်း လျှောပြီး အောက်ကျလာတာ ကံကောင်းလို့ သူတို့ အထပ်ဝရန်တာကို ဆွဲမိတာ၊ ဆွဲလို့ တွဲလောင်း ဖြစ်နေတုန်း အဲဒီလူထွက်လာပြီး ဘာမပြောညာမပြော ကျွန်တော်လက်တွေကို ခြေထောင့်နဲ့ကန်တော့တာပဲ။ ကျန်တာတော့ သူပြောတဲ့ အတိုင်းပါပဲဗျာ"

**ယမမင်း** ။ "အင်း . . . ဒုက္ခ . . . ဒုက္ခ . . . ကဲ . . . နောက်တစ်ယောက်"

**တတိယလူ** ။ "ကျွန်တော်က...ကျွန်တော်က·· သေတ္တာကြီးထဲ ပါသွားလို့ပါခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com






# ရှုပြီးရော . . .

သမီးရှင်လုဖြူ၏ ရည်းစားဟောင်း မောင်သာယာကို အိမ်သို့ နေ့လည်စာ ထမင်းလာစားရန် မိခင် ရှင်ဂျမ်းဘုံက ဖိတ်ခိုင်းလိုက်ပြီးနောက် ထိုနေ့နေ့လည်စာအတွက် အစွမ်းကုန် ကြိုးစားချက်ပြုတ်ထားလေသည်။

ထမင်းဝိုင်းကား ဟင်းမျိုးစုံလှသည်မဟုတ်သော်လည်း ဖွယ်ဖွယ်ရာရာတော့ရှိ၏။ အဓိက ဟင်းလျာမှာကား အမဲလျှာကို ချက်ထားသော ဟင်းပင်တည်း။ မောင်သာယာက မိမိအနေဖြင့် တိရစ္ဆာန်များ၏ ပါးစပ်မှထွက်သော မည်သည့်အရာကိုမှ မစား သုံးဘဲ ရှောင်ကြဉ်ပါကြောင်း သိမ်မွေ့စွာ ပြောကြား ငြင်းပယ်၏။ ထိုအခါ ရှင်လုဖြူ၏ ဖခင်ဖြစ်သူ ဦးတက်တူးက အခြား ဟင်းတစ်ခွက်ကိုင်၍

"ကဲ . . . ကဲ ဒါဆိုလည်း တခြားက ထွက်တဲ့ ဟင်းကိုပဲစားပေတော့ ကိုယ့်လူရေ"

ဟုပေးလေသည်။

သူပေးလိုက်သည့်ဟင်းခွက်ကားဘဲဥကြော် ဖြစ်သတည်း။





# ရောဂါဆန်း

အရွယ်အတန်သင့်ရပြီးသည့် အမျိုးသမီးကြီးတစ်ဦး ဆေးခန်းလာပြ၏။

"ကျွန်မ လေလည်တိုင်း ဘာသံမှလည်းမကြားရဘူး၊ ဘာနံ့မှလည်း မရဘူး ဒေါက်တာရယ်။ ခု... ဆရာ့ဆေးခန်းမှာထိုင် စောင့်နေတုန်းအခါ ၂၀ လောက် လေလည်တယ်။ ဒါပေမယ့် အသံလည်းမထွက်ဘူး။ ဘာနံ့မှလည်းမရဘူး။ အဲဒါဘာများဖြစ်လဲ သိဘူးဒေါက်တာ"

ဆရာဝန်က ဘာမှမပြောဘဲ သောက်ဆေးအနည်းငယ် ပေးပေးလိုက်သည်။ နောက်နေ့ ထိုအမျိုးသမီး ပြန်ရောက်လာ ပြန်သည်။

"ဒေါက်တာ . . . ကျွန်မကို ဘာဆေးတွေပေးလိုက်လဲ သိဘူး ခု ကျွန်မလေလည်းရင် နံလိုက်တာ တအားပဲ။ ဒါပေမယ့် အသံတော့ မထွက်ဘူးရှင့်"

ထိုအခါတွင် ဆရာဝန်ကပြုံးပြီး-

"ကောင်းတယ် . . . ခင်ဗျား . . . ခုနှာစေးတာ ပျောက်သွားပြီ၊ နားလေးတာကုဖို့ပဲ ကျန်တော့တယ်" ဟုအော်ပြော လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



# ဖြော် . . . ဒီလိုကိုး

တစ်ညသ၌ ဇနီးမောင်နှံနှစ်ဦး အိပ်ရာဝင်ကြစဉ် ယောကျ်ားဖြစ်သူ အိပ်ပျော်လုဆဲဆဲဖြစ်နေသော်လည်း ဇနီးဖြစ်သူမှာ အတိတ်ကို တသသတွေးကာ ကြည်နူးလျက်ရှိ၏။

"ကျမတို့ လက်ထပ်ပွဲတုန်းက မောင် ကျွန်မလက်ကို ကိုင်ထားတာ သတိရသေးရဲ့လား်ဟင် . . ."

ယောကျ်ားဖြစ်သူက ဇနီးကို ပွေ့ဖက်လျက် သူမ၏ လက်များကို ခေတ္တမျှ ဆုပ်ကိုင်လိုက်ပြီး ပြန်အိပ်ပျော်သွားလေသည်။ ခဏအကြာ သူမက ထပ်ပြောပြန်၏။

"ပြီးတော့ . . . ကျွန်မပါးကို လူအလစ်မှာ ခိုးနမ်းသေးတယ် မဟုတ်လား"

ယောကျ်ားဖြစ်သူက ရွတ်ကနဲနမ်း၍ ပြန်အိပ်ပြန်သည်။

နောက်တစ်မိနစ်အကြာတွင် သူမက ထပ်ပြောပြန်သည်။

"ပြီးတော့ . . . ပြီးတော့ . . . အဲဒီညက ကျွန်မလည်ပင်းကို လည်း မောင်ကိုက်သေးတယ် "

ယောကျ်ားဖြစ်သူက ဝုန်းကနဲထကာ စောင်ကို ကန်ထုတ်ပစ်လိုက်၏။ ဇနီးဖြစ်သူကလန့်သွားကာ . . .

" မောင်ဘာဖြစ်တာတုန်း "

" ရေချိုးခန်းထဲက အံပုံသွားယူမလို "





www.burmeseclassic.com

www.burmeseclassic.com





# ဟောက်သံတိတ်မှ အိပ်ပါလားကွယ်

ပင်ပန်းနွမ်းနယ်လာသော ခရီးသွားတစ်ဦး တည်းခိုခန်းတွင် လူပြည့်နေပြီ ဖြစ်၍ စိတ်ဓာတ်ကျလျက်ရှိသည်။ မန်နေဂျာဖြစ်သူက ထိုသူကိုသနားသဖြင့်



"ဒီလိုလုပ်ရင်တော့ရမယ် . . . ကျွန်တော်တို့ဆီမှာ ပုံမှန်တည်းတဲ့သူ တစ်ယောက် နှစ်ယောက်ခန်း ယူထားတယ်။ သူနဲ့ရှယ်ယာ လုပ်လိုက်ရင်ကော . . . ခင်ဗျားအဆင်ပြေမလား"

ခရီးသည်မျက်နှာ ဝင်းလက်သွားသည်။ မန်နေဂျာက-

"အဲ . . . တခုတော့ရှိတယ် . . . အဲဒီလူက အိပ်ရင် တအား ဟောက်တယ်ဗျ။ ဘေးအခန်းကတောင် ကြားရတယ်၊ ခင်ဗျားသူနဲ့ တစ်ခန်းထဲ အိပ်ရမှာဆိုတော့ ဖြစ်ပါ့မလား စဉ်းစားဦး။

" အို . . . ဘာဘဲဖြစ်ဖြစ် . . . ကျောချစရာရှိရင်ပြီးရောဗျာ၊ ရတယ်"

နောက်နေ့မနက် ထိုခရီးသည် လန်းဆန်းစွာ ဆင်းလာသည်ကိုတွေ့တော့ မန်နေဂျာက-

" ဘယ်လိုလဲ . . . ညက ဟောက်သံ ခံနိုင်ရဲ့လား"

" မဟောက်အောင် ကျွန်တော် လုပ်လိုက်တယ်လေ"

မန်နေဂျာစိတ်ဝင်စားစွာဖြင့်-

" ဟာ . . . တယ်ဟုတ်ပါလား . . . နည်းလမ်းလေး မစ,ပါဦး ကိုယ့်ဆရာရယ်"

"လွယ်ပါတယ်ဗျာ ကျွန်တော်ဝင်သွားတော့ ဝေါ့ အိပ်နေပြီဗျ၊ ဒါနဲ့ ကျွန်တော် သူ့ကုတင်နားသွား၊ သူ့ပါးကို မွှေးမွှေးတစ်ချက်ပေးပြီးတော့ အကိုက သိပ်ချောတာပဲ၊ ဒါမျိုးမှ ဒို့က သဘောကျတာလို့ ပြောလိုက်တာ . . . တစ်ညလုံး မအိပ်တော့ဘဲ ခုတင်ပေါ်မှာ ငုတ်တုတ် ထိုင်ပြီး ကျွန်တော့်ကိုပဲ စောင့်ကြည့်နေ တော့တာပဲဗျို့ "

www.burmeseclassic.com

www.burmeseclassic.com



# စိတ်ပါလက်ပါ ပိန်နည်းသစ်

အိမ်တိုင်ရာရောက်လာ၍ ပိန်အောင်ဆောင်ရွက်ပေးမည့် "စိတ်ပါလက်ပါပိန်နည်းသစ်" ကုမ္ပဏီသို့ မိုက်ကယ်သံလုံး ဖုန်းဆက်၍ သုံးရက်အတွင်း ၁၀ ပေါင်ကျလိုကြောင်းအကြောင်းကြားလိုက်သည်။

နောက်နေ့မနက် တံခါးခေါက်သံကြား၍ ဖွင့်ကြည့်သောအခါ အားကစားဝတ်စုံနှင့် ရုပ်ရည်သင့်တင့်သော အမျိုးသမီးလေးတစ်ဦးကို တွေ့ရသည်။ သူမ၏ လည်ပင်းတွင် ချိတ်ထားသည့် စာတန်းမှာ " မိအောင်ဖမ်း - မိရင်နမ်း " ဟုဖြစ်သည်။ ထိုကောင်မလေးနောက်ကို မိုင်အတော်ကြာပြေးလိုက်ပြီးမှ မိလေသည်။ သုံးရက်လေကျင့်ခန်းပြီး၍ ပေါင်ချိန်ကြည့်သောအခါ ၁၀ ပေါင်ကျသွားသည်ကိုတွေ့သည်။ မိုက်ကယ်သံလုံးတစ်ယောက် သဘောအကျကြီးကျပြီး ၅ ရက်အတွင်း ပေါင် ၂၀ ကျရေးဆောင်ရွက်လိုကြောင်း ဖုံးဆက်ပြန်လေသည်။ ဒီတစ်ခါလာသူမှာ ပိုမိုချောမောသည့် မိန်းကလေးဖြစ်ပြီး ဘောင်းဘီတိုကလေးနှင့် ဖြစ်သည်။ ချိတ်ထားသည့် စာတန်းမှာ "မိအောင်ဖမ်း-မိရင် . . ." ပင်ဖြစ်လေသည်။ ဤနည်းဖြင့် ၅ ရက်အတွင်း ပေါင် ၂၀ ကျပြန်လေသည်။ မိုက်ကယ်သံလုံးတစ်ယောက် လောဘကြီးလာချေပြီ။ ထို့ကြောင့် ၇ ရက်အတွင်း ပေါင် ၅၀ ကျလိုကြောင်း ဖုံးဆက်သည့်အခါ ကုမ္ပဏီမှဖုန်း





လက်ခံသူက " သေချာရဲ့လားခင်ဗျာ အဲဒီအစီအစဉ်က အင်မတန်ကြမ်းတမ်းပါတယ်" ဟုဆို၏ မိုက်ကယ်သံလုံး ဂရုမစိုက်ပါ။ ကြမ်းချင်ကြမ်းပါစေပေါ့။

သို့နှင့် နောက်နေ့တံခါးလာခေါက်သည့်အခါ ဝမ်းသာအားရ ထွက်ကြည့်မိသည့် မိုက်ကယ်သံလုံးမှာ ပေါင် ၂၀၀ ခန့်ရှိသည့် အမျိုးသားတစ်ယောက် တံခါးဝတွင် ရပ်နေသည်ကို တွေ့လိုက်ရလေသည်။ ထိုသူလည်ပင်းတွင် ချိတ်ထားသည့် စာတန်းကား "လွတ်အောင်ပြေး မိရင်နာမယ်" ဟူ၍သတည်း . .။

www.burmeseclassic.com



# မီးမေးမယ်

အဝေးပြေးကားပေါ်တွင်လိုက်ပါနေစဉ် ကိုလေအိုး ပေါ်ဆန်း တစ်ယောက် သူ့ဘေးကမိန်းမချောလေးကို စကားပြောချင်နေမိ၏။ မိန်းကလေးကား ကားထွက်ကတည်းက အိပ်ချင်ဟန်နှင့် ကားနံရံ ကိုမှီ၍ မျက်လုံးမှိတ်ထား၏။ ပေါ်ဆန်းက စကားစသည်။

ဆန်း။ ။"ညီမနဲ့အကိုနဲ့ ခရီးသွားရင်းအပျင်းပြေ ပဟေဠိဖွက်တမ်း ကစားရအောင် ဘယ့်နယ့်လဲ"

မိန်း။ ။"မီး သိပ်အိပ်ချင်လို့ စကားမပြောပါရစေနဲ့ရှင့်"

ပေါ်ဆန်းခေါင်းကုတ်ကာ အကြံထုတ်ပြန်သည်။

ဆန်း။ ။"ဒီလိုလုပ်မယ်လေ... ညီမမပြောနိုင်ရင် အကို့ကို ငွေတစ်ဆယ်ပေး၊ အကိုမဖြေနိုင်ရင်လဲ တစ်ဆယ်ပေးမယ်"

မိန်း။ ။"ဟင့်အင်း... မီး အိပ်ချင်နေပါတယ်ဆို..."

ဆန်း။ ။"ကဲကွာ... ဒီလိုလုပ်... ညီမ မဖြေနိုင်ရင် ၁၀ ပဲပေး၊ အကိုမဖြေနိုင်ရင် ၅၀၀ ပေးမယ်"

မိန်းကလေးမျက်လုံးများ ပွင့်လာသည်။

မိန်း။ ။"ကဲ...မေး...မေး"

ဆန်း။ ။"ကမ္ဘာကြီးနဲ့လနဲ့ဘယ်လောက်ဝေးလဲ"

မိန်းကလေးကပြန်မဖြေပါ။ ပိုက်ဆံအိတ်ထဲက ၁၀ တန် တစ်ရွက် ထုတ်ပေးလိုက်သည်။

သူ့မအလှည့်ရောက်ပြီ။

မိန်း။ ။"တောင်ပေါ်ကို ခြေသုံးချောင်းနဲ့တက်ပြီး ခြေလေးချောင်းနဲ့ ပြန်ဆင်းတာ ဘာကောင်လဲ"





ပေါ်ဆန်း ခွေးတွေပြန်လာ၏။ လုံးဝစဉ်းစားလို့မရ၊ နောက်ဆုံး ၅၀၀ ပေးလိုက်ရတော့သည်။ မိန်းကလေးလည်း အိပ်ပျော်သွားပြီ။ ကြိတ်မနိုင်ခဲမရ ဖြစ်နေသော ပေါ်ဆန်း တစ်ယောက် မိန်းကလေးကို နှိုးကာမေးပြန်သည်။

ဆန်း။ ။"အဲဒါဘာကောင်လဲဟင်"

မိန်းကလေးက ပိုက်ဆံအိတ်ဖွင့်ကာ ၁၀ တန်တစ်ရွက် ထုတ်ပေးလိုက်ပြီး ပြန်အိပ်ပျော်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



# ရွှေယုန်ရွှေကျားပုံပြင်သစ်

တောကြီးတစ်ခုတွင် မှော်ဆရာဖားတစ်ကောင် ဟိုဟို သည်သည် သွားလာစဉ် ယုန်တစ်ကောင်ကို ကျားတစ်ကောင်က စားဖို့ ပြင်နေသည်ကို တွေ့ရသဖြင့် ဟန့်တားလိုက်ရ၏။ ယင်းတို့ အလို ဆန္ဒပြည့်စေရန်အတွက် မှော်ဆရာဖားက အလိုချင်ဆုံးဆု သုံးခုစီတောင်းရန် ခွင့်ပြုလိုက်သည်။ ကျားက ခဏမျှစဉ်းစားပြီး "ဒီတောထဲက ကျားအားလုံး အမချည်းပဲဖြစ်စေချင်ပါတယ်" ဟု ဆုတောင်း၏။

ယုန်ကမူ သံခမောက်တစ်ခုကိုတောင်းရာ ကျားက ညံ့လှချည်လား ဟူသော အကြည့်ဖြင့်ကြည့်၏။ ဒုတိယဆုတောင်းရန် အလှည့်တွင် ကျားက "ဟိုဘက် တောက ကျားတွေလည်း အမချည်း ဖြစ်ပါစေ" ဟု တောင်းပြန်၏။ ယုန်က မော်တော် ဆိုင်ကယ် တစ်စီးတောင်း၏။ တတိယ ဆုတောင်းအလှည့်တွင် ကျားက "တစ်ကမ္ဘာလုံးက ကျန်တဲ့ကျားတွေလည်း အမချည်း ဖြစ်ပါစေ" ဟုဆိုပြန်၏။ ပြီးတော့ ယုန်ငတုံး ဘာဆုတောင်းမလဲဟု ပြုံးစိစိနှင့် ကြည့်၏။ ယုန်က မော်တော်ဆိုင်ကယ်ကို ခွ၏။ စက်နှိုး၏။ ပြီးတော့မှ ဆုပန်လိုက်၏။

"ကျွန်တော့်ရှေ့က ကျားကြီး အခြောက်ဖြစ်ပါစေ"





www.burmeseclassic.com

www.burmeseclassic.com






# သေချာလိုက်ပုံက

မောင်စစ်ပုစာမေးပွဲဖြေနေ၏။ မေးခွန်းမှာ အမှားအမှန်ရွေးရသော ဓမ္မဓိဋ္ဌာန် မေးခွန်းဖြစ်၏။ စစ်ပုပါးစပ်ထဲ လက်ထည့်၍ နံကြားထောက်နေ၏။

**ဆရာမ။** "ဟဲ့. . . . စစ်ပု . . . . စစ်ပု ဘာလုပ်နေတာတုန်း"

**စစ်ပု။** "အမှားအမှန်ရွေးနေတာပါ ဆရာမ"

ဆရာမ သက်ပြင်းချ၍ ပြန်လှည့်သွား၏။ စာမေးပွဲချိန်ကုန်ခါနီးတွင် စစ်ပုထံမှ နံကြားထောက်နေသံကို ကြားရပြန်၏။

**ဆရာမ။** "ဟိုကောင် . . . . စစ်ပု . . . ခုထက်ထိ ဖြေလို့ မပြီးသေးဘူးလား"

**စစ်ပု။** "ပြီးပါပြီ ဆရာမ။ အဖြေတွေ မှန်မမှန် ပြန်စစ် နေတာပါ"





# ပီပြင်ခံစား

ဆရာမက အတန်းထဲတွင် မြန်မာစာ စာစီစာကုံးတစ်ပုဒ် ရေးခိုင်း၏။ ခေါင်းစဉ်က " ကျွန်တော် သန်းကြွယ် သူဌေး" ဖြစ်၏။ ကျောင်းသားများ တကုပ်ကုပ်နှင့် ရေးနေချိန်တွင် ဘတ်လိုက်ကျော် မောင်စစ်ပုက ထိုင်ခုံကိုမှီ၍ အေးဆေးစွာ ထိုင်နေ၏။ လက်ကိုလည်း စတိုင်ကျကျပိုက်ထားသေးသည်။ အပူအပင်ကင်းစွာ ရှိနေသော မောင်စစ်ပုကို ဆရာမက လှမ်းမေး၏။

"မောင်စစ်ပု. . . သူများတွေရေးနေကြပြီ။ ဘာလို့ မရေးသေးတာလဲ"

မောင်စစ်ပုက ဆရာမကိုကြည့်၍ အေးအေးဆေးဆေး ပြန်ပြောလိုက်သည်။

"သားက သန်းကြွယ်သူဌေးဖြစ်ပြီဆိုတော့ ကိုယ်တိုင် ရေးဖို့ မလိုတော့ဘူးလေ။ စက္ကထရီတစ်ယောက်ခန့်ပြီးမှ ရေးခိုင်းမလို့ . . . ."

www.burmeseclassic.com

www.burmeseclassic.com



# မယုံရင်လောင်းမလား

မိန်းမကြီးတစ်ဦး စက္ကူထုပ်တစ်ထုပ်နှင့် ချေ့စ်မက်ဟင်တန်ဘဏ်သို့ ရောက်လာ၏။ သူမကငွေထုပ်ကိုပြ၍ ဒေါ်လာသုံးသန်း အပ်နှံလိုကြောင်း၊ ထို့ကြောင့် ဘဏ်ဥက္ကဋ္ဌနှင့် တွေ့လိုကြောင်း ငွေကိုင်သို့ ပြော၏။ ငွေကိုင်က စီစဉ်ပေး၏။

ဥက္ကဋ္ဌ။ ။ "ဒေါ်လာသုံးသန်းတောင် ဘယ်ကရသတုန်း အမကြီးရယ်. . . အမွေရတာများလား"

ကြီး။ ။ "ဟင့်အင်း . . . မဟုတ်ပါဘူး . . . လောင်းတာပါ"

ဥက္ကဋ္ဌ။ ။ "ဒါဆို မြင်းပွဲနိုင်လို့ပေါ့"

ကြီး။ ။ "မဟုတ်ပါဘူး"

ဥက္ကဋ္ဌ ဦးနှောက်ခြောက်သွား၏။

ကြီး။ ။ ကျွန်မက လူတွေနဲ့ အလောင်းအစားလုပ်တာရှင့် ကဲ. . . ရှင်မယုံရင်. . ရှင်နဲ့ကျွန်မ လောင်းမယ် မနက်ဖန် ၁၀ နာရီ ရှင့်တင်ပါးမှာ ဒဏ်ရာတစ်ခု ရလိမ့်မယ်. . . ဒေါ်လာ ၂၅၀၀ ကြေး"

ဥက္ကဋ္ဌကြီးစိတ်ပါလာ၏။ နိုင်ခြေရှိသည်ကိုး။လောင်းကြေးကို လက်ခံလိုက်၏။ ထိုနေ့တစ်နေ့လုံး ဥက္ကဋ္ဌကြီး အလုပ်မလုပ် အိမ်မှာပဲနေ၏။ နောက်နေ့ မနက် ရုံးသွားကာနီး ရေချိုးစဉ် သူ့တင်ပါးကို စစ်ဆေး၏။ အားလုံး အိုကေ။ သူနိုင်တော့မည်ကို တွေးကာ အူမြူးနေ၏။ ချိန်းထားသည့် ၁၀ နာရီတွင် အမျိုးသမီးကြီး အမျိုးသားတစ်ဦးနှင့်အတူ ရောက်လာ၏။ သူမ၏ ရှေ့နေဖြစ်ကြောင်း မိတ်ဆက်ပေး၏။





ကြီး။ ။ "ကဲ. . ကျွန်မတို့ ကိစ္စ ဘယ်လိုလဲ"

ဥက္ကဋ္ဌ။ ။ "ကျုပ်မှာ ဘာမှမဖြစ်ဘူးဗျ. . ခင်ဗျား ရှုံးပြီ"

ကြီး။ ။ "ဒီလို ဘယ်ရမလဲ. . . မျက်စိနဲ့မြင်ရမှ ဖြစ်မှာပေါ့"

ဥက္ကဋ္ဌကြီးက ဘောင်းဘီကိုလျှော့ချကာ သူ့တင်ပါးနှစ်ဖက်ကို ပြ၏။ ထိုအခါ အမျိုးသမီးကြီးနှင့် ပါလာသော ရှေ့နေမှာ မျက်စိမျက်နှာပျက်ကာ တစ်ဖက်သို့ မျက်နှာလှည့်နေ၏။

ဥက္ကဋ္ဌ။ ။ "ဟင်. . သူက ဘာဖြစ်လို့လဲ"

ကြီး။ ။ (အေးဆေးစွာဖြင့်) "ဘာမှမဖြစ်ပါဘူး။ ဒီမနက် ၁၀ နာရီမှာ ချေ့စ်မက်ဟင်တန်ဘဏ်ဥက္ကဋ္ဌကြီးက ကျွန်မကို ဘောင်းဘီချွတ်ပြီး "တင်ပြ" မယ်ဆိုတာ သူနဲ့ကျွန်မ ဒေါ်လာတစ်သိန်းကြေး လောင်းထားလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com







# အမေးနဲ့အဖြေ

အိမ်မှာမောင်စစ်ပုကို ဖခင်ကိုကျော်စာသင်နေ၏။

ကိုကျော်။ ။ "ခြံစည်းရိုးပေါ်မှာ ငှက်သုံးကောင်နားနေတယ်၊ အဲဒါအဖေက လေးခွနဲ့ တစ်ကောင်ကို ပစ်ချလိုက်ရင်ဘယ်နကောင်ကျန်မလဲ"

မောင်စစ်ပု။ ။ "ကျန်တဲ့ငှက်တွေလန့်ပျံသွားတာမို့တကောင်မှ မကျန်ပါဘူး အဖေ"

ကိုကျော်။ ။ "ဒါဟာ တကယ်မှန်တဲ့အဖြေ မဟုတ်ဘူးလေ၊ တစ်ကောင် ပစ်ချရင် နှစ်ကောင်ကျန်ရမှာပေါ့၊ မင်းစဉ်းစားတာလည်း ဆိုးတော့ မဆိုးပါဘူး"

စစ်ပု။ ။ "ဒါဆိုသားအဖေ့ကိုပြန်မေးမယ်၊ လမ်းထိပ်က မုန့်ဟင်းခါးဆိုင်မှာ အမျိုးသမီးသုံးယောက် မုန့်ဟင်းခါး စားနေတယ် တစ်ယောက်က ဘူးသီးကြော်နဲ့ စားတယ်၊ တစ်ယောက်က အကြော်မပါဘူး၊ နောက်တယောက်က ငရုတ်သီးမှုန့် အများကြီး ထည့်စားတယ်၊ အဲဒီအထဲမှာ အိမ်ထောင်သည်တစ်ယောက်ပါတယ်၊ အဲဒါ ဘယ်သူဖြစ်မလဲ"

ကိုကျော်။ ။ "ငရုတ်သီးမှုန့်အများကြီးထည့်စားတဲ့ အမျိုးသမီး ဖြစ်မှာပေါ့ကွ"

စစ်ပု။ ။ "မဟုတ်ဘူး ... ဗိုက်ဖုံးအင်္ကျီဝတ်ထားတဲ့သူက အိမ်ထောင်သည်ပေါ့ အဖေရ၊ ဘာပဲဖြစ်ဖြစ် အဖေစဉ်းစားတာလဲ ဆိုးတော့ မဆိုးပါဘူး .."

www.burmeseclassic.com

www.burmeseclassic.com



# ခေါင်းစဉ်

အင်္ဂလန်နိုင်ငံရှိ ဘားတစ်ခုတွင်းသို့ အမူးသမားတစ်ဦး ဝင်လာပြီး လူတစ်ဦး ထိုင်သောက်နေသည့် နေရာသို့ သွား၏။

ဝင်လာသူ။ ။ "ထိုင်မယ်နော်"

ထိုင်နေသူ။ ။ "ထိုင်ပါဗျာ"

ဝင်လာသူ။ ။ "ခင်ဗျားက ဘယ်အရပ်ကတုန်း"

ထိုင်နေသူ။ ။ "အိုင်ယာလန်ကဗျ"

ဝင်လာသူ။ ။ "(ပေါင်ကိုအားရပါးရပုတ်၍) အောင်မယ်လေး တိုက်ဆိုင်လိုက်တာ... ကျုပ်လည်း အိုင်ယာလန် ကပဲဗျ၊ ကဲ . . ကဲ . . . အိုင်ယာလန်သားချင်း တစ်ခွက်စီ ချလိုက်ကြဦးစို့။" (မော့လိုက်ကြ၏)

ထိုင်နေသူ။ ။ "ဒါနဲ့ အိုင်ယာလန်ဘယ်ဒေသကတုန်းဗျ"

ဝင်လာသူ။ ။ "ဒပ်ဗလင်ကပါ"

ထိုင်နေသူ။ ။ "ဟိုက်ရှားပါး ကျုပ်လည်း ဒပ်ဗလင်ကပဲဗျ။ ကဲ ... ဒပ်ဗလင်သားချင်း နောက်တစ်ခွက်ချကြစို့" (မော့ကြပြန်၏။)

ဝင်လာသူ။ ။ "ခင်ဗျားဒပ်ဗလင်မှာ ဘယ်ကျောင်းမှာနေခဲ့သတုန်း"

ထိုင်နေသူ။ ။ "စိန့်မေရီကျောင်းမှာ ၆၂ ခုနှစ်မှကျောင်းက ထွက်လာတာဗျ"





ဝင်လာသူ။ ။ "မယုံနိုင်စရာပဲဗျာ။ ကျုပ်လည်းစိန့်မေရီကပဲ ၊ ၆၂ ခုနှစ်ကပဲ ထွက်လာတာ . . . ကဲ . . . စိန့်မေရီ ကျောင်းသားချင်း . . . မော့ကြဦးစို့"

ထိုအချိန်လာနေကျဖောက်သည် တစ်ဦးဆိုင်ထဲ ဝင်လာပြီး ကောင်တာတွင် ဝင်ထိုင်ပြီး အရက်ထည့်သူအားမေး၏။

"ဘာထူးသေးလဲဗျ"

"ထူးပါဘူးဗျာ . . . ထုံးစံအတိုင်း အိုမယ်လီအညွှန့်ယောက် ခေါင်းစဉ်ရှာပြီး ထပ်သောက်နေကြတာပဲရှိပါသယ်"။

www.burmeseclassic.com

www.burmeseclassic.com



# "ဒါကြောင့် ဒီလို"

စပ်ရွှေမောင်းနှင့်ရွာသို့လာလည်သူ လူကြီးတစ်ဦး တွေ့ရာ လေးပါး ပြောကြ၏။

လူကြီး။ ။ "ထုတ်ယူဆင်ခြင်တယ်ဆိုတာ မခက်ပါဘူးဗျာ"

စပ်ရွှေမောင်း ။ "ဘယ်လို. . .ထုတ်ယူဆင်ခြင်တယ် ဟုတ်လား . . . အဲဒါကဘာကြီးတုန်း"

လူကြီး။ ။ "ထုတ်ယူဆင်ခြင်တာကိုမောင်ရင်နားလည်အောင် ပြောရင် ဟိုမှာကြည့်. . . .လူတစ်ယောက်၊ သူ့နောက်မှာခွေး တစ်ကောင်ပါတယ်။ခွေးပါလာပုံ ထောက်ရင် သူ့မှာအိမ်ရှိရမယ်၊ သူ့မှာအိမ်နဲ့ခွေးနဲ့ ရှိပြီဆိုရင် သူ့မှာမိသားစုလည်း ရှိဦးမှာ၊ ပြီးတော့ အရွယ်နဲ့အနေအထားအရ သူဟာအိမ်ထောင်ပြုပြီး ဖြစ်ရမယ်။ ခလေးတောင်ရှိနေရောပေါ့။"

စပ်ရွှေမောင်း ။ "ဦးလေးပြောတာမှန်တယ်. . . အိမ်လည်းရှိတယ်၊ မိန်းမနဲ့ ကလေးလည်း ရှိတယ်"

လူကြီး။ ။ "အဲဒီအချက်တွေကိုထုတ်ယူဆင်ခြင်ကြည့်လိုက်ရင် အဲဒီလူဟာ ယောက်ျားအစစ်ပေါ့ဗျာ . . . ကိုင်း. . .နားလည်ပြီလား"

စပ်ရွှေမောင်း လွှတ်သဘောကျသွား၏။ နောက်တစ်နေ့ ရွာတစ်ရွာသွားရင်း ထန်းရည်ဆိုင်တွင် လူတစ်ဦးနှင့် စကားဝိုင်းဖွဲ့မိကြသည်။ ထုံးစံအတိုင်း စပ်ရွှေမောင်းက အာဘောင် အာရင်းသန်စွာ သူသိသူတတ်သည်များကို ဟောပြောလေသည်။





စပ်ရွှေမောင်း ။ "တကယ်တော့ . . ထုတ်ယူဆင်ခြင်တယ်ဆိုတာ အဟုတ် အသုံးဝင်တာဗျ"

လူ။ ။ "ဘာ . . . ထုတ်ယူဆင်ခြင် . . . အဲဒါဘာလဲ"

စပ်ရွှေမောင်း သူ့ပညာကို အသုံးချရန်လမ်းပွင့်လေပြီ။

စပ်ရွှေမောင်း ။ "ထုတ်ယူဆင်ခြင်တယ်ဆိုတာဗျာ. . . ခင်ဗျား နားလည်အောင် ဥပမာနဲ့ရှင်းပြမယ်။ ခင်ဗျားမှာ- ခွေးရှိလား"

လူ။ ။ "ဟင့်အင်း. . . မရှိဘူး"

စပ်။ ။ "အမ် . . . ."

စပ်ရွှေမောင်းဘယ်သို့ ဘယ်ပုံရှေ့ဆက်ရမှန်းမသိ ဖြစ်သွား၏။ သို့သော် ဘာရမလဲ၊ စပ်ရွှေမောင်းပေပဲ။

စပ်ရွှေမောင်း ။ "အင်း . . . ဒါဆိုရင်တော့ . . . ခင်ဗျာဟာယောက်ျား အစစ်မဟုတ်ဘူး . . . အ . . . အ . . . ခြောက် . . ."

စကားမဆုံးလိုက်ပါ။ ထိုညနေက စပ်ရွှေမောင်းခေါင်းတွင် ဖတ်တီးအဖွေးသားနှင့် ရွာသို့ကုပ်ကုပ်ကလေး ပြန်ရောက်လာလေ သတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဇတာက် . . . !!!





# "ဇတာက် . . ."

ဖရင့်နှင့်ဂျိုးတို့နှစ်ဦး ညနေပိုင်းဘီယာသောက်ရင်း တီဗီမှ ရှစ်နာရီ သတင်းကိုကြည့်နေကြ၏။ သတင်းတွင် သဘောကြောင်းကြံမှုကို ပြနေ၏။ ထိုသူမှာ တံတားဘောင်ပေါ် တက်ရပ်နေရာ ရဲများနှင့် အနီးနားမှ သူများက အောက်သို့ဆင်းရန် ပိုင်းဝန်းဖြောင်းဖျနေကြ၏။ ဖရင့်က မူးမူးနှင့် ဂျိုးဘက် လှည့်၍

"ဂျိုး . . . ဒီလူခုန်ချတော့မယ်ကွ . . . မင်းနဲ့ငါ ဆယ်ဒေါ်လာကြေး လောင်းမလား"

"စိန်လိုက်လေ" ဂျိုးကလည်း နဲနဲမှမငြင်းပါ။

သူတို့နှစ်ဦး စိတ်ဝင်တစားဆက်ကြည့်နေရာ မကြာခင်ပင် ထိုသူ တံတားပေါ်မှ ရုတ်ချည်းခုန်ချလိုက်လေတော့သည်။ ဂျိုးက အိတ်ထဲသို့နှိုက်၍

"ရော့ . . . ဆယ်ဒေါ်လာ . . . တောက် . . . ဒီလူတကယ် ခုန်ချလိမ့်မယ်လို့ နည်းနည်းမှမထင်ဘူးကွာ . . . နာလိုက်တာ"

"မင်းပိုက်ဆံ . . . ငါမယူပါဘူးကွာ . . . ဒီသတင်းက ငါးနာရီကလွှင့်တဲ့သတင်းမှာ ပါပြီးသားကြီးကွ ငါကြည့်ပြီးသား"

ဂျိုးကလက်မခံပါ။

"ယူစမ်းပါကွာ . . . ငါးနာရီသတင်း ငါလည်းကြည့်ပြီးသားပါ။ ဒီရှစ်နာရီသတင်းမှာ ဒီလူထပ်ခုန်ချလောက်အောင် [illegible]လိမ့်မယ်လို့ မထင်ဘူးကွ . . . တောက် . . ."

www.burmeseclassic.com

www.burmeseclassic.com



# ဘာမျိုးဘိုးတူ

ကျနော်တို့ဇာတ်လိုက် မောင်စစ်ပု၏ ဘကြီး ရောဘတ်စစ်ပု တုန်းကလည်း ဉာဏ်ရည်ကောင်းသူဖြစ်၏။ ဆရာ ဆရာမတွေလည်း စိတ်ညစ်ရ၏။ ကြည့်လို့လည်းမရကြ။ ထိုခေတ်က စာတော်လျှင် တော်သလိုအတန်းတင်ပေးလေ့ရှိရာ ရောဘတ်စစ်ပု ကိုလည်း ကျောင်းအုပ် ဆရာကြီးနှင့် ဆရာမတို့ က စစ်ဆေး၏။

ကျောင်းအုပ် ။ "ရောဘတ် လူကလေး သုံးနဲ့သုံး မြှောက်ရင် ဘာရသလဲ"

ရောဘတ်စစ်ပု ။ " ၉ "

ကျောင်းအုပ် ။ "ဂွဒ်..... ခြောက်ခြောက်လီဆိုရင်"

ရောဘတ် ။ " ၃၆ "

ကျောင်းအုပ် ။ "အိုး..... ဘဲရီးဂွတ် " (ဆရာမဘက်သို့ လှည့်၍) ဆရာမ...ဒီလူကလေးကို တတိယတန်း တင်ပေးလို့ရမယ်ထင်တယ်"

ဆရာမ ။ (မကျေမနပ်ဖြင့်) "ခဏလေးဆရာကြီး ... ကျမလည်း မေးပါဦးမယ်"

ကျောင်းအုပ်ကြီးက ခေါင်းငြိမ့်သည်။

ဆရာမ ။ "ဆရာမမှာ နှစ်ခုပဲရှိပေမယ့် နွားတွေမှာ လေးခု ရှိတာဘာလဲ"

ရောဘတ် ။ "ခြေထောက်ပါဆရာမ"

ဆရာမ ။ "မင်းဘောင်းဘီထဲမှာ ဆရာမမှာ မရှိတဲ့ဟာ ရှိတယ်၊ အဲဒါဘာလဲ"

ကျောင်းအုပ်ကြီးမျက်လုံးပြူးသွား၏။





ရောဘတ်ကတော့ ခပ်အေးအေးပင်..

ရောဘတ် ။ "ဘောင်းဘီအိတ်ပါဆရာမ"

ကျောင်းအုပ်ကြီးသက်ပြင်းချသည်။ သူတောင် မစဉ်းစားမိတဲ့ အဖြေပင်။

ဆရာမ ။ ]u JUUUt *F [illegible], fUUFနဲ့စပြီး Kနဲ့ဆုံးတဲ့ စကားလုံး၊ အဲဒီစကားလုံး ပြောသံ ကြားရင်မြင်ရင် သိပ်စိတ်လှုပ်ရှားတယ်၊ ရင်ခုန် တယ်၊ ရင်မောရမယ်"

ကျောင်းအုပ်ကြီးတံတွေးနင်နေ၏။ ရောဘတ်ကို ပြူးပြီးကြည့်နေသည်။

ရောဘတ် ။ "Firetruck (မီးသတ်ကား) ပါ ဆရာမ"

ကျောင်းအုပ်ကြီး ။ "လက်ဝါးဖြင့် ပေါင်ကိုတအားပုတ်၍ "အိုး ..... (Excellent) အိပ်ဇဲလန့်" ဆရာမ..... ဒီလူကလေးကို... လေးတန်းတင်ပေးလိုက်ပါ "

www.burmeseclassic.com

www.burmeseclassic.com







# ဇောက်လွန်းလို့ပါ

မောင်စစ်ပုအား ဆရာမက မေးမြန်းနေ၏။

ဆရာမ ။ သား... မောင်စစ်ပု.. မင်းရေးလာတဲ့ "ကျွန်ုပ်၏ ခွေးအကြောင်း"က မင်းအစ်ကိုရေးတာနဲ့ အတူတူ ပါပဲလား... သားခိုးချလာတာလား"

စစ်ပု ။ "ဟုတ်ပါဘူး ဆရာမ... ခွေးက တစ်ကောင်တည်း မို့ပါ"

ဆရာမ ။ "ကြည့်ပါဦး.. ခေါင်းလည်းရှုပ်ပွလို့ သားကို သေသေ သပ်သပ်နေဖို့ ဆရာမပြောထားတယ်မဟုတ်လား၊ ဘာလို့ ခေါင်းမဖြီးတာလဲ"

စစ်ပု ။ "သားသားမှာ ဘီးမရှိလို့ပါ ဆရာမ"

ဆရာမ ။ "သားမှာမရှိလည်း ဖေဖေ့ဘီးကို ယူဖြီးရောပေါ့"

စစ်ပု ။ "သားအဖေခေါင်းမှာ ဆံပင်မရှိပါဘူးဆရာမ"

ဆရာမ ။ "အယ်... ထားပါတော့.. ကဲ.. ဆရာမ လက် တစ်ဖက်မှာ ပန်းသီး (၇) လုံး၊ နောက်တစ်ဖက်မှာ (၈) လုံးရှိတယ်ဆိုပါတော့၊ ဒါဆို ဆရာမမှာ...

စစ်ပု ။ (ဖြေချင်ဇောဖြင့် ကြားဖြတ်လျက်) ဆရာမမှာ လက်အကြီးကြီး ရှိပါတယ် ဆရာမ"

www.burmeseclassic.com

www.burmeseclassic.com



# ဒေါသကူ မှာရနဲ့ နမော်နမဲ့

ကုမ္ပဏီပိုင်ရှင်တစ်ဦးအလုပ်ခွင်မှ အိမ်သို့ဖုန်းဆက်သည်။

အမျိုးသား ။ "ဟဲလို . . . ခုဖုန်းကိုင်ကာ ဘယ်သူတုန်း"

အသံ ။ "ကျွန်မ အိမ်ဖော်ပါရှင့်"

အမျိုးသား ။ "ဟင် . . . ငါတို့အိမ်မှာ အိမ်ဖော်မရှိပါဘူး"

အသံ ။ "ဒီအိမ်က အစ်မကာ ခုမနက်ပဲ ကျွန်မကို အလုပ် စဝင် ခိုင်းတာပါရှင့်"

အမျိုးသား ။ "အေးလေ ဒါဆိုလည်းပြီးရော ခုပြောနေတာ အဲဒီ အစ်မယောက်ျားပါ။ သူရော ခု ဘယ်သွားလဲ"

အသံ ။ "အပေါ်ထပ်အိပ်ခန်းထဲမှာပါ။ ရှင်က... သူ့ယောက်ျား ဟုတ်လား . . . ကျွန်မက . . . ခု ရှိနေတဲ့ အမျိုးသားကိုပဲ သူ့ယောက်ျားလို့ထင်တာ"

အမျိုးသား ။ "ဘာ . . . သူက ယောက်ျားတစ်ယောက်နဲ့ အိပ်ခန်းထဲမှာ . . . ဟုတ်လား"

အသံ ။ "ဟုတ် . . . ဟုတ်ကဲ့"

အမျိုးသားထံမှ ခေတ္တအသံတိတ်သွားသည်။ ပြီးမှ ဒေါသကို ချုပ်တည်းထားသံဖြင့်

အမျိုးသား ။ "ဟေ့ ဒီမှာ မင်း... ပိုက်ဆံများများမလိုချင်ဘူးလား"

အသံ ။ "လိုချင်တာပေါ့ . . . ကျွန်မဘာလုပ်ပေးရမလဲ"





အမျိုးသား ။ "အေး... စတိုခန်းထဲမှာ ချိတ်ထားတဲ့ သေနတ်ကို သွားယူ၊ ပြီးတော့ အိပ်ခန်းထဲရောက်နေတဲ့ ဟို ကမြင်းမနဲ့ ကြာကူလီကောင်ကိုပစ်သတ်လိုက်၊ မင်းကို ငါ ငွေငါးသိန်းပေးမယ်"

အသံ ။ "ဟုတ်ကဲ့ . . . ဒါဆို . . . ခဏကိုင်ထားနော်"

ဖုန်းထဲတွင် လှေကားပေါ်တက်သွားသံကြားရပြီး မကြာမီ သေနတ်သံ နှစ်ချက်ကြားလိုက်ရ၏။

အသံ ။ "ဟဲလို . . . ကိစ္စပြီးပြီရှင့် သူတို့အလောင်းတွေ ဘယ်လိုလုပ်ရမလဲ"

အမျိုးသား ။ "အိမ်နောက်ဖေးမှာ ရေကူးကန်ထဲပစ်ချလိုက်ကွာ"

အသံ ။ "ဟင် အိမ်နောက်ဖေးမှာ ရေကူးကန်မှမရှိတာ"

အမျိုးသား အသံ အတန်ကြာတိတ်သွားသည်။ ပြီးမှ ...ယင်သော အသံဖြင့်

အမျိုးသား ။ "ခု . . ခု . . ပြောနေတာဖုန်းနံပါတ် ---က မဟုတ်ဘူးလား ဟင်"

www.burmeseclassic.com

www.burmeseclassic.com







# သာ ပ်ပြီးသား

ဇနီးမောင်နှံနှစ်ဦး ကားဖြင့် ခရီးသွားရင်း လမ်းတွင် အက်ဆီးဒင့် ဖြစ်ရာ ဇနီးဖြစ်သူမျက်နှာတွင် ဆိုးရွားစွာ ဒဏ်ရာရသွား၏။ ခွဲစိတ်ဆရာဝန်များက အရေပြားအစားထိုးကုသရန် အကြံပေး၏။ ခင်ပွန်းဖြစ်သူကလည်း သူ့ချစ်ဇနီးအတွက် သူ့အရေပြားကို လှူဒါန်းရန် စိတ်အားထက်သန်၏။

စစ်ဆေးချက်အရ ထိုသူ၏တင်ပါးမှ အရေပြားကို အသုံးပြုနိုင်ကြောင်း တွေ့ရှိရသဖြင့် လင်မယားနှစ်ဦးစလုံးနှင့် ဆရာဝန်တို့ အရေပြားယူသည့်နေရာကို မည်သူ့ကိုမျှ မပြောရန် ကတိပြုပြီးနောက် အရေပြား အစားထိုးမှုကို ဆောင်ရွက်ကြတော့သည်။

ခွဲစိတ်မှုပြုပြီးနောက် . . . ဇနီးဖြစ်သူမှာ မူလရုပ်ထက် ပို၍ချောမော လှပနေတော့၏။ မိဘဆွေမျိုးများနှင့် မိတ်ဆွေများက သူမထံလာ၍ သူမအလှကို အံ့သြချီးမွမ်းကြသည်။ ထို့ကြောင့် သူမက ခင်ပွန်းဖြစ်သူကို "မောင့်ကို . . . ခင် . ဘယ်လို ကျေးဇူးဆပ်ရမှန်းတောင် မသိတော့ပါဘူး မောင်ရယ်."

ခင်ပွန်းဖြစ်သူကလည်း . . .

"ခင်ရယ် . . . ဒါ . . . ပြောရမယ့်စကားလား ခင့်အမေ . . . ခင့်ပါးလေးကို နမ်းလိုက်တိုင်း . . . ခါကိုကြည့်ကြည့်ပြီး မောင်က . . . ကျေနပ်ပြီးသား"

www.burmeseclassic.com



# ဒုက္ခ လှလှ

ဂျော့နှင့် ဘော့တို့ သူငယ်ချင်းနှစ်ဦး ကားတစ်စီးဖြင့် ခရီးထွက်အလာ လမ်းတွင် နှင်းမှန်တိုင်းကျသဖြင့် နီးရာခြံတစ်ခြံသို့ ဝင်ကာ တစ်ညတာ တည်းခိုခွင့်တောင်းကြရလေသည်။ သူတို့ ဝင်မိသောခြံရှင်မှာ ဆွဲဆောင်မှုရှိသော မိန်းမလှကလေး ဖြစ်၏။ သူမက-

"ကျမယောက်ျား ဆုံးတာလည်း မကြာသေး၊ အိမ်မှာကလည်း တစ်ယောက်တည်းဆိုတော့ ရှင်တို့ကိုလက်ခံလိုက်ရင် အိမ်နီးနားချင်းတွေက ကဲ့ရဲ့ ကြမှာရှင့်"

ဂျော့က စဉ်းစဉ်းစားစားဖြင့်-

"ကျွန်တော်တို့ ခြံထဲက စပါးကျီထဲမှာပဲ အိပ်မယ်ဆိုရင်ကော ဖြစ်မလား"

သူမက သဘောတူလိုက်၏။

ထိုခရီးမှ ပြန်လာပြီး ကိုးလခန့်အကြာတွင် ထိုမုဆိုးမလေး၏ ရှေ့နေထံမှ စာတစ်စောင်ကို ဂျော့လက်ခံရရှိ၏။ ထိုစာ ရရချင်း သူ ဘော့ထံသို့ သွားလေသည်။

ဂျော့။ ။"ဘော့ ငါတို့ခရီးထွက်တုန်းက ဝင်တည်းတဲ့ခြံက မုဆိုးမချောချောလေးကို မှတ်မိသေးလား"

ဘော့။ ။(သိပ်စိတ်မဝင်စားသည့်ပုံဖြင့်)"ဟင် . . အင်း . . မှတ်မိသားပဲ"

ဂျော့။ ။(ပိုင်နိုင်သည့်လေသံဖြင့်) "မင်း အဲဒီညက ငါအိပ်ပျော်နေတုန်း အဲဒီမိန်းမဆီ သွားအိပ်တယ်မဟုတ်လား"





ဘော့။ ။(ခိုးထုပ်ခိုးထည်နှင့်လူမိခံရသည့်ပုံဖြင့်) "အေးကွာ ငါသွားမိတယ်သူငယ်ချင်း"

ဂျော့။ ။"ပြီးတော့ မင်းကိုယ်မင်း ဂျော့ဆိုပြီး နာမည်ပြောခဲ့တယ်မဟုတ်လား"

ဘော့။ ။(မျက်နှာနီမြန်းလျက်)"ဟုတ်ပါတယ် သူငယ်ချင်းရာ မင်းကို ငါတောင်းပန်ပါတယ်"

ဂျော့။ ။(ဘော့ပုခုံးကို ပုတ်၍)"တောင်းပန်စရာ မလိုပါဘူးကွ၊ ခု အဲဒီမိန်းမဆုံးသွားပြီကွ၊ သူပိုင်ဆိုင်သမျှ ငါ့ကိုအား ဖို့ သေတမ်းစာထဲမှာ ရေးသွားတယ်၊ ဒီတော့ မင်းကို ငါကကျေးဇူးတောင်တင်ရဦးမှာ"

www.burmeseclassic.com

www.burmeseclassic.com



# အာရှသားပေ့



အနောက်တိုင်း ယုတ္တိဗေဒ ပရော်ဖက်ဆာတစ်ဦး အာရှနိုင်ငံတစ်ခုသို့ အလည်လာရင်း တက္ကသိုလ်မှ ယုတ္တိဗေဒ ကျောင်းသားများနှင့် တွေ့ဆုံပြီး ဘုရားရှိမရှိ ဆွေးနွေးကြလေသည်။

ပရော်ဖက်ဆာ။ ။"ဘုရားသခင်ရဲ့အသံကို ဘယ်သူကြားဖူးသလဲ"

ဘယ်သူမျှ မဖြေနိုင်ပါ။

ပရော်ဖက်ဆာ။ ။ "ဘုရားသခင်ကို ဘယ်သူမြင်ဖူးသလဲ"

ဖြေနိုင်သူ မရှိပါ။



ပရော်ဖက်ဆာ။ ။ "ဘုရားသခင်ကို ထိဖူးကိုင်ဖူးတဲ့သူ ရှိပါသလား"

မည်သူမျှ မဖြေပါ။

ပရော်ဖက်ဆာ။ ။ "ဘယ်သူမှ ဘုရားကို မကြားဖူး၊ မမြင်ဖူး၊ မတွေ့ထိဖူးဘူး ဆိုတော့ ဘုရားဆိုတာ မရှိလို့ပေါ့"

ကျောင်းသားတစ်ဦးက ရုတ်ကနဲထရပ်ကာ ပရော်ဖက်ဆာ ထံ ချဉ်းကပ်တောင်းပြီး ကျောင်းသားများဘက်လှည့်၍

ကျောင်းသား။ ။ "ပရော်ဖက်ဆာရဲ့ ဦးနှောက်အကြောင်း ဘယ်သူ သိသလဲ ဖြေကြပါ "

ဘယ်သူမှ မသိကြပါ။

ကျောင်းသား။ ။ "ပရော်ဖက်ဆာရဲ့ ဦးနှောက်ကို မြင်ဖူးတဲ့သူ ရှိပါသလား"

မဖြေနိုင်ကြပါ။

ကျောင်းသား။ ။ "ပရော်ဖက်ဆာရဲ့ ဦးနှောက်ကို ထိဖူးကိုင်ဖူးတဲ့သူ ရှိပါသလား"

ဘယ်သူမှ မရှိပါ။

ကျောင်းသား။ ။ "ဘယ်သူမှ ပရော်ဖက်ဆာရဲ့ ဦးနှောက်ကို မကြားဖူး၊ မမြင်ဖူး၊ မထိဖူး၊ မကိုင်ဖူးဘူးဆို တော့ ပရော်ဖက်ဆာမှာ ဦးနှောက်မရှိလို့ပေါ့ ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



# နာလေးနာ

မ ။ "နာလှပြီမောင်ရဲ့ . . . မ မခံနိုင်တော့ဘူး . ဆရာဝန်ခေါ်ပေးပါ . . ."

ယောက်ျားဖြစ်သူ ဆရာဝန် ပြေးခေါ်၏။

ဆရာဝန် ။ "အင်း . . . မွေးကာနီး နာတာကတော့ ထုံးစံပါပဲ။ ဒါပေမယ့် တအားနာလာရင် ကျွန်တော် ဆေးပေးမယ် တစ်လုံးသောက်ရင် ဝေဒနာ လေးပုံတစ်ပုံ လျော့သွားမယ်၊ ဒါပေမယ့် ကလေးအဖေမှာ အဲဒီနာကျင်မှုကို အတော်ခံစားရ လိမ့်မယ်နော် ချင့်ချိန်ပြီး သောက်ပေါ့" ဟုဆိုကာ ဆေးလေးလုံး ပေး၏။ လူနာက ပထမ ဆေးလုံးကို ချက်ချင်းသောက်ချလိုက်၏။ မကြာခင် ဝေဒနာ လေးပုံတစ်ပုံ လျော့သွား၏။ ခင်ပွန်းဖြစ်သူကား နာကျင်မှု မဖြစ်သေး

ကျား ။ "အိုင်တော့ ခုထိ ဘာမှမဖြစ်သေးဘူး နောက်တစ်လုံး ထပ်သောက်ကြည့်ပါလား"

နောက်တစ်လုံး သောက်လိုက်ပြန်၏။ ဝေဒနာတစ်ဝက် သက်သာ သွား၏။

ကျား ။ "ကိုယ်ဘာမှ မဖြစ်ဘူးကွ၊ ခံနိုင်ရည်ရှိတယ်။ နောက် တစ်လုံး သောက်ကြည့်ပါဦး"

မ ။ "ဖြစ်ပါ့မလား မောင်ရယ်"

ကျား ။ "အို ဖြစ်ပါတယ် သောက်သာသောက်။ ခင့်အနာ သက်သာဖို့ အရေးကြီးတယ်"

သောက်လိုက်ပြန်၏။





ကျား ။ "တွေ့လား . . . အိုင် ဘာမှမဖြစ်ဘူး။ ကဲ မထူးပါဘူး ကျန်တဲ့တစ်လုံးပါ သောက်လိုက်တော့"

နောက်ဆုံးဆေးလုံးကိုသောက်လိုက်ရာ မိန်းမတွင် ဝေဒနာ ကင်းစင်သွားတော့၏။ ယောက်ျားလည်း ဘာမှ နာကျင်မှု မခံစားရ။ ဒီတော့ နှစ်ယောက်သား ပျော်သွားကြသည်။ မကြာမီ သားလေးတစ်ဦးကို ချောမောစွာ မွေးဖွား၏။

နောက်နေ့မနက် ယောက်ျားဖြစ်သူ ပျော်ရွှင်စွာ အိမ်ကို ခဏပြန်လာစဉ် လမ်းထဲမှ မိတ်ဆွေတစ်ဦးနှင့် လမ်းထိပ်တွင် တွေ့၏။ ထိုသူက "ခင်ဗျားနဲ့တွေ့တာ အတော်ပဲ . . . ခင်ဗျားတို့ ခေါင်းရင်းအိမ်က လူကြီး ညက ဗိုက်နာတယ် နာတယ် ဆိုပြီး ရုတ်တရက် ဆုံးသွားလို့ဗျာ . . . အဲဒါ . . . ညကျ အသုဘအိမ် ကြွခဲ့ပါဦး"

www.burmeseclassic.com

www.burmeseclassic.com





# သက်သာရာရှာမှတော့

မိခင်။ ။ "ဟဲ့ . . . သား . . . စစ်ပု . . . မောကြီးပန်းကြီးနဲ့ ဘယ်လို ဖြစ်လာတာတုန်း"

စစ်ပု။ ။ "ဟင် . . . အမေပဲ မှာထားပြီးတော့ . . . "

မိခင်။ ။ "ငါ . . . ဘာမှာလို့လဲ . . . "

စစ်ပု။ ။ "အမေပဲ . . . ဘာပဲလုပ်လုပ် . . . ဘယ်ပဲသွားသွား . . . မကုန်သင့်တာ မကုန်စေနဲ့လို့ ပြောတယ်လေ"

မိခင်။ ။ "အေးလေ . . . အဲဒါ . . . ဘာဖြစ်လဲ"

စစ်ပု။ ။ "အဲဒါကြောင့် . . . သား . . . ကျောင်းက အိမ်အပြန် ဘတ်စ်ကားမစီးဘဲ နောက်က ပြေးလိုက်လာတာ၊ ဘတ်စ်ကားခ ၂၀ သက်သာပြီပေါ့ အမေရ"

မိခင်။ ။ "အမလေး . . . ငါ့သားဖြစ်ပြီး ဒီလောက်ပဲ ညံ့ရသလားဟဲ့ . . . လိုက်မယ့်လိုက်လည်း တက်စီနောက်က ပြေးလိုက်ပါတော့လား။ အဲဒီလိုဆိုရင် တက်စီခ ၄၀၀ ကြီးများတောင် သက်သာမှာ . . . ဉာဏ်လေးတစ်ထွာတစ်မိုက်နဲ့ . . . တော်တော်တုံးတဲ့သား"





# ဆိုးလိုက်တဲ့သား

တစ်မနက်ခင်းစောစောတွင် မိခင်ဖြစ်သူက သားဖြစ်သူကို ကျောင်းသွားရန် အိပ်ရာမှ နိုးနေ၏။

မိခင် ။ ။ ဟဲ့ သား . . . ထတော့လေ၊ ကျောင်းသွားရတော့မှာ နောက်ကျနေလိမ့်မယ်။

သား ။ ။ "သား ကျောင်းမသွားချင်ဘူးအမေရာ"

မိခင် ။ ။ ဟဲ့ ဘယ်ဖြစ်မလဲ၊ နေပါဦး . . . ကျောင်းသွားရတာဘာဖြစ်လို့လဲ"

သား ။ ။ အမေမသိပါဘူးဗျာ . . . ကျွန်တော့်ကိုဆရာကြီးက နှေတိုင်းဆူတယ်... ဆရာမတွေကလည်း ကျွန်တော့်ကို ကြည့်မရဘူးဗျ"

မိခင် ။ ။ "ဘာပဲဖြစ်ဖြစ် သားကျောင်းသွားမှဖြစ်မှာပေါ့"

သား ။ ။ "ဘာဖြစ်လို့လဲအမေရ"

မိခင် ။ ။ "ဟဲ့ နင်ကကလေးမှ မဟုတ်တော့ပဲ ပြီးတော့ ကျောင်းဆရာဟဲ့ . . . ကျောင်းဆရာ . . . ကျောင်းမသွားလို့ ဖြစ်မလား"

www.burmeseclassic.com

www.burmeseclassic.com



# စဉ်းစားကြည့်ပါဗျာ

လယ်သမားကြီးဂျိုးက မတော်တဆ ယာဉ်ထိခိုက်မှု အတွက် ဝင်တိုက်သူ တစ်ဖက်မှ ထရပ်ကားကုမ္ပဏီအား လျော်ကြေး ရလိုကြောင်း တရားစွဲ၏။ ထိုကုမ္ပဏီဘက်မှ ရှေ့နေက ဂျိုးအား မေး၏။


"အဲဒီအချိန်တုန်းက... ကင်းလှည့်ရဲကို ကျွန်တော်ဘာမှ မဖြစ်ပါဘူးလို့ ပြောခဲ့တယ် မဟုတ်လား"

ဂျိုးက ထိုမေးခွန်းကို မဖြေဘဲ ဖြစ်စဉ်အစမှ ပြောနေသဖြင့် ရှေ့နေက တရားသူကြီးအား "တရားသူကြီးမင်း ခင်ဗျား ဒီမတော်တဆမှု ဖြစ်နေစဉ်အချိန်မှာ ဒီပုဂ္ဂိုလ်ဟာ ကင်းလှည့်ရဲသားကို သူ့ဘာမှထိခိုက်မှု မဖြစ်ကြောင်း ဖြေဆိုခဲ့ပါတယ်။ ဒါပေမယ့်... ခု ကျွန်တော့်ရဲ့ အမှုသည်ထံ လျော်ကြေးရလိုကြောင်း တရားစွဲတင်ပါတယ်။ ကျွန်တော့်ရဲ့ မေးခွန်းကို အတိအကျဖြေဖို့ တရားသူကြီး သူ့ကို သတိပေး ပေးပါခင်ဗျား""

တရားသူကြီးက အမှုကိုစိတ်ဝင်စားသဖြင့် ဂျိုးစကားများကို ဆက်ပြောစေလိုက်သည်။

"ကျွန်တော် . . . နွားမလေးဘက်စီကို ကားပေါ် တင်ပြီးအလာ လမ်းကွေ့မှာ အဲဒီထရပ်ကားက ဝင်တိုက်လိုက် ပါတယ်။ ကျွန်တော်လည်း ကားပေါ်က လွင့်ကျသွားတာ လှုပ် တောင်မလှုပ်နိုင်ပါဘူး။ ဘက်စီရဲ့ သေလုမျောပါး ညည်းညူ အော်ဟစ်သံကိုလည်း ကြားရပါတယ်။ ကင်းလှည့်ရဲ ရောက်လာတော့ ဘက်စီအသံကြားလို့





သူ့ကိုအရင်သွားကြည့်ပါတယ်။ ပြီးတော့ သေနတ်ကိုထုတ်ပြီး ဘက်စီကို ပစ်သတ်လိုက်ပါတယ်။ ပြီးတော့ လက်ထဲသေနတ်ကြီးကိုင်ပြီး... ကျွန်တော့်ဆီလာပါတယ်... ပြီးတော့... ကျွန်တော့်ကို စိုက်ကြည့်ပြီး ခင်ဗျားနွားမတော့ အခြေအနေ မကောင်းလို့ ကျုပ်ကိစ္စတုံးပစ်လိုက်ပြီ။ ခင်ဗျားကော အခြေအနေ ကောင်းရဲ့လားတဲ့။ ကျွန်တော်... ကျွန်တော်... ဘယ်လိုဖြေရမလဲ... တရားသူကြီးမင်းရယ်... အီး... အီး... အီး"

www.burmeseclassic.com

www.burmeseclassic.com



# ပစ်တိုင်းထိ

အသက်ရှစ်ဆယ်အရွယ် အဖိုးကြီးတစ်ဦး ကျန်းမာရေးစစ်ဆေးမှုများပြု၏။ ဆရာဝန်က ထုံးစံအတိုင်း စားသောက် နေထိုင်မှုအခြေအနေကို မေးရာ အဖိုးကြီးက "အသက်ရှစ် ဆယ်ဖြစ်လာပြီဆိုတော့ နေလို့တော့ မကောင်းလှဘူးဗျာ။ ကျုပ်မိန်းမကဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ်။ ခု ကိုယ်ဝန် တောင်ရှိနေပြီဆိုတော့ကျုပ်အခြေအနေ မဆိုးလှပေဘူး ဆိုရမှာပဲ"

ထိုအခါ ဆရာဝန်က အဖိုးကြီးအား သူကြားဖူးသည့်ပုံပြင်တစ်ပုဒ်ကို ပြောပြလေသည်။

"မုဆိုးတစ်ယောက်ပေါ့ဗျာ... အမဲလိုက်ရတာ သိပ်ပျော်လွန်းလို့ နှစ်တိုင်း အမဲလိုက်ထွက်လေ့ရှိတယ်။ လက်ကလည်း တည့်သလား မမေးနဲ့။ ဒါပေမယ့် တစ်နေ့ အမဲလိုက်ထွက်တော့ ကမန်းကတန်းမို့ သေနတ်အစား ထီးကောက်ကြီး မှားယူလာမိသဗျ။ အဲသလို မှားယူလာမှန်းလည်း သူကမသိသေးဘူး။ တောထဲလည်း ရောက်ရော ဝက်ဝံတစ်ကောင်နဲ့ ပက်ပင်းတိုးပါလေရော . . . ဘယ်ရမလဲ့ လက်ထဲက ထီးကြီးကို မြှောက်၊ ဝက်ဝံကိုချိန်ပြီးတော့ ခလုတ်ကို ဆွဲလိုက်တယ် . . . ဝက်ဝံတစ်ခါတည်း ကိစ္စတုံးသွားတော့တာပဲဗျ"

"ဟာ . . . မဖြစ်နိုင်တာ . . . တခြားလူတစ်ယောက်က ပစ်လိုက်တာ ဖြစ်မှာပေါ့"

"အေးလေ .........."





www.burmeseclassic.com

www.burmeseclassic.com





# ပွဲသိမ်း(၁)

အမျိုးသမီးတစ်ဦးအမှားကြောင့် အမျိုးသားတစ်ဦးနှင့် ကားချင်းတိုက်မိကြသည်။ ကားနှစ်စီးလုံး ပျက်စီးသွားသော်လည်း သူတို့နှစ်ဦးမှာ ဘာမှ ထိခိုက်ဒဏ်ရာ မရကြပေ။ ကားအောက်မှ လူးလွန့်ထွက်လာ ကြပြီးနောက် မျက်နှာချင်းဆိုင်မိချိန်တွင် အမျိုးသားက ဒေါသတကြီး ပြောရန် ဟန်ပြင် လိုက်စဉ် အမျိုးသမီးက ပြုံး၍



"အို . . . ကြည့်ပါဦးရှင် . . . ကားနှစ်စီးလုံးက ပျက်စီးသွားပေမယ့် ကျွန်မတို့နှစ်ယောက် ဘာမှမဖြစ်ကြဘူး၊ ဘုရားမတာပဲနော်"

အမျိုးသမီး၏သံချိုနှင့် ရုပ်ဆင်းကြောင့် ငနဲသား၏ ဒေါသများ ဘယ်ရောက်သွားမှန်းမသိတော့။ ပုတ်သင်ညိုလို ခေါင်းကိုသာ တွင်တွင်ညိတ်ရင်း

"အင်း . . . ဟုတ်တာပေါ့ . . . ဒါ ကျွန်တော်တို့ နှစ်ယောက် မိတ်ဆွေဖြစ်ဖို့ ဘုရားက ဖန်ဆင်းပေးလိုက်တာနေမှာ"

ထိုအခါ အမျိုးသမီးက သူမကားဆီသို့ လှပစွာ လျှောက်သွားပြီး ပုလင်းတစ်လုံးကို ဆွဲထုတ်လာလေသည်။

"ကြည့်ပါဦး . . . ထူးဆန်းလိုက်တာ၊ ဒီလောက် ကားချင်းတိုက်တာတောင် ဒီဝိုင်ပုလင်းက ဘာမှမဖြစ်ဘူးတော့ သေချာတယ် . . . ဘုရားသခင်က ကျွန်မတို့ မိတ်ဆွေဖြစ်တဲ့ အထိမ်းအမှတ်နဲ့သောက်ဖို့ ပုလင်းမကွဲအောင် ဖန်ဆင်းပေး လိုက်တာဖြစ်မယ်"

ထို့နောက်ပုလင်းကို အမျိုးသားထံ ကမ်းပေးလိုက်ရာ အမျိုးသားက ယူ၍ နွားငတ်ရေကျ တစ်ဝက်မျှမော့ချလိုက်သည်။ ပြီးနောက် အမျိုးသမီးထံ ပုလင်းကမ်းအပေး ကင်းလှည့်ရဲများ အနားသို့ ရောက်လာလေသည်။ အမျိုးသမီး က

"ကြည့်ကြပါဦးရှင် . . . ဒီလိုအချိန်မှာတောင် ဒီလူက ကျွန်မကိုလာပြီး အရက်တိုက်နေသေးတယ်၊ ဘယ်သူ့ အလွန် ဖြစ်မလဲဆိုတာ ဆရာကြီးတို့ စဉ်းစားသာကြည့်ပါတော့" ဟု ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



# ပွဲသိမ်း (၂)

တစ်နေ့သ၌ ဂျိုက်စ်သည် ခင်ပွန်းဖြစ်သူ ငါးမျှား ထွက်သည့် မော်တော်ဘုတ်ကိုယူ၍ အရိပ်အာဝါသကောင်းသည့် ကမ်းခြေတစ်နေရာတွင် ရပ်ကာ စာဖတ်နေလေသည်။ နာရီဝက်ခန့် ကြာသောအခါ ယူနီဖောင်းဝတ် ကမ်းခြေ အစောင့်တစ်ဦး ရောက်လာ၏။

"မဒမ် . . . မဒမ်ဟာ ခု ငါးမမျှားရတဲ့ ဧရိယာ ထဲမှာရောက်နေပါတယ်"

"ဟင် . . . ဟုတ်လား . . . ဒါပေမယ့် ကျွန်မ ငါးမမျှားပါဘူး . . . စာဖတ်နေတာရှင့်"

"ဖြစ်နိုင်ပါတယ် . . . ဒါပေမယ့် ခင်ဗျားမှာ ငါးမျှား ကိရိယာအစုံအလင် ပါလာတယ် . . . ဒီတော့ ခင်ဗျားရဲ့ ဆင်ခြေဟာ လက်ခံနိုင်ဖွယ် မရှိပါဘူး။ ဒဏ်ငွေဆောင်ရပါလိမ့်မယ်"

ဂျိုက်စ်ဒေါပွလေပြီတည်း။

"ရတယ်လေ . . . ဆောင်ဆိုလည်း ဆောင်ရမှာပေါ့ ရှင့်ကိုလည်း ကျွန်မကို ဗလက္ကာရပြုမှုနဲ့ တရားစွဲရလိမ့်မယ်"

"ဗျာ . . . ခင်ဗျားကို ကျွန်တော် . . . လက်ဖျားနဲ့ တောင် မတို့မိပါလား"

"ရှင့်ဆင်ခြေဟာ လက်ခံနိုင်ဖွယ် မရှိပါဘူး . . . ရှင်ခုနကပြောသလိုပဲ ရှင့်မှာ . . . အဲသလိုလုပ်ဖို့ . . . ပစ္စည်း ကိရိယာ အစုံအလင်ပါလာတယ်လေ . . . ကဲ ဘာပြင်းဦးမလဲ"





www.burmeseclassic.com

www.burmeseclassic.com






# ရင်တွင်းဖြစ်

ရထားတစ်စီးပေါ်တွင် ကုမ္ပဏီပိုင်ရှင်အဖိုးကြီးတစ်ဦးနှ
သူ့လက်ထောက် လူငယ်တစ်ဦးတို့ နေရာယူကြ၏။ မကြာ
သူတို့ရှေ့ထိုင်ခုံသို့ မြေးအဖွားနှစ်ဦး ရောက်လာ၏။ အမျိုးသမ
ငယ်မှာ ချောမောလှပသဖြင့် အဖိုးကြီးရော လူငယ်ပါ တ
တမောကြည့်မိကြ၏။ အဖွားဖြစ်သူက ရိုပ်မိသဖြင့် နှစ်ဦးလုံး
မျက်စောင်းထိုး၏။ အဖိုးကြီးက အိမြွေဆည်နိုင်သော်လည်



လူငယ်ကတော့ မနေနိုင်ရှာ။ ခဏခဏကြည့်မိ၏။ ရထားက မကြာမီ လိုဏ်ခေါင်းတစ်ခုအတွင်း ဖြတ်မောင်းရာ မှောင်အတိ ကျသွားတော့၏။ ထိုစဉ်မှာပင် "ရွှတ်" "ဖြန်း" ဟူသော အသံကို အားလုံးကြားလိုက်ရလေသည်။ လိုဏ်ခေါင်းအပြင် ရောက်လာသည့် အခါ အဆိုပါလေးဦးမှာ ငြိမ်သက်စွာ တွေးတောလျက်ရှိသည်ကို တွေ့ရ၏။

(အမျိုးသမီးငယ်) "မှောင်နေတာအခွင့်ကောင်းယူပြီးတော့ . . .
လူဆိုး... ဟင်း... ဒါပေမယ့် သနားပါတယ်
. . . အဖွားက သူ့ပါးကို ရိုက်လိုက်တာ
နာသွားရှာမှာပဲ"

(အဖွားအတွေး) "ဒီသူငယ်တော်တော်လက်ရဲဇက်ရဲနိုင်တယ်...
ငါ့မြေးသူ့ပါးကိုရိုက်လိုက်တာ နည်းတောင်နည်း
သေးတယ်"

(အဖိုးကြီးအတွေး) "အင်း... တော်တော်လက်သွက်တဲ့ကောင်ပဲ
... အခွင့်အလမ်းကို အပိုင် အသုံးချတတ်ပါရဲ့
... ဒါပေမယ့် အဖွားကြီး က ငါ့ပါး မှားရိုက်တာ
တော့ ဘယ်ကောင်းမလဲ"

(လူငယ်အတွေး) "အမလေး . . . ဒီနေ့ကံအကောင်းဆုံးပဲ၊
ဒီလောက်ချောတဲ့ ကောင်မလေးကိုလည်း
နမ်းရတယ် . . . ငါကြည့်မရတဲ့ ငါ့ဘော့စ်ပါး
ကိုလည်း ပြဿနာမရှိဘဲ ရိုက်လိုက်ရတယ်
.. ဟီဟိ... ပျော်လိုက်တာ"

www.burmeseclassic.com



# ရှိုးရှိုးလေးမို့ . . . ချစ်တာပါ

ဂျော်ဂျာကား တကယ်အလုပ်လုပ်သူတည်း။ အလုပ်နားသည့် ညဘက်တွင် ဘီလီယက် သို့မဟုတ် ဘော်လီဘော ကစားသေး၏။ နားချိန် မရှိရှာသည့် ဂျော်ဂျာကိုဇနီးဖြစ်သူက သနားသဖြင့် အပန်းဖြေနိုင်ရန် တစ်ညတွင် နိုက်ကလပ် တစ်ခုသို့ ခေါ်သွား၏။ ကလပ်အဝင်ဝသို့ ရောက်သော် တံခါးစောင့်က . . .

"ဟေး ဂျော်ဂျာ . . . ဘယ်လိုလဲ" ဟု နှုတ်ဆက်၏ ဇနီးဖြစ်သူက အံ့ဩသွားရာ ဂျော်ဂျာက "အော် . . . သူကကိုယ်နဲ့ ဘီလီယက် ကစားဖက်လေ" ဟု ဆို၏။

စားပွဲတွင် ထိုင်ကြသောအခါ စားပွဲထိုးအမျိုးသမီးတစ်ဦး ရောက်လာ၏။ ဂျော်ဂျာကိုမြင်သော် "အို . . . ဂျော်ဂျာပါလား ထုံးစံအတိုင်း ဂျင်နဲ့တော်နစ်ပဲလား" ဟုမေး၏။ ဇနီးဖြစ်သူ မျက်လုံးပြူးသွား၏။

"ဟင် . . . ရှင်ဒီနေရာမှာ ကျက်စားနေတာ ကြာပြီပေါ့"

"မဟုတ်ဘူး . . . မဟုတ်ဘူး . . . သူနဲ့ကိုယ်က ဘော်လီဘော ကစားတုန်းက သိကြတာ"

ဒေါသဖြင့် တဆတ်ဆတ်တုန်နေသော ဇနီးသည်က ဇတ်ကနဲထကာ အပြင်သို့ ထွက်သွားတော့၏။ ဂျော်ဂျာလည်း နောက်မှ ပျာပျာသလဲ လိုက်သွားကာ တွေ့သည့် တက္ကစီ တစ်စီး





လက်တား၍ တက်စေ၏။ ကားပေါ်ရောက်သောအခါ ဂျော်ဂျာက ဖြေရှင်း၊ ဇနီးဖြစ်သူက သူ့ကို ထုရိုက် ကုတ်ဖဲ့နေတော့သည်။ ထိုအခါ တက္ကစီမောင်းသူက သဘောကျစွာ ရယ်လျက် ပြောလိုက်လေသည်။

"ဟေး . . . ဂျော်ဂျာ . . ဒီည မင်းတွဲလာတဲ့ငတိမက ကြမ်းလှချည်လား"

www.burmeseclassic.com

www.burmeseclassic.com





# မှတ်ဖွယ်သင်ခန်းစာ

မောင်စစ်ပုတို့အား ဆရာမက သင်ခန်းစာယူဖွယ် အဖြစ်အပျက်တစ်ခုကို နောက်နေ့တွင် ပြောပြရန်အတွက် စဉ်းစားလာကြရန် မှာလိုက်သည်။ နောက်တစ်နေ့ ကျောင်းတက်သောအခါ ဆရာမက တစ်ဦးချင်းပြောပြစေ၏။ ပထမ အလှည့်ကျသူမှာ ခင်သူဇာအိန္ဒြာဝါဝါဝင်းဖြစ်၏။

"သမီးတို့အိမ်မှာ ဥစားကြက်တွေမွေးပါတယ်။ မနက်တိုင်းကြက်ဥတွေကို ကားပေါ်တင်ပြီး ဈေးတွေကို လိုက်ပို့ရပါတယ်။ တစ်နေ့သမီးတို့ကားဟာ အခြားကား တစ်စီးနဲ့တိုက်မိပြီး ကြက်ဥတွေဟာ ခြင်းထဲကထွက်ပြီး လမ်းပေါ်ကျကွဲကုန်ပါတယ်"

ဆရာမ။ "အဲဒီတော့သမီးမှာ ဘာသင်ခန်းစာများ ရသလဲကွယ်"



သူဇာ။ "နေရာတစ်ခုတည်းမှာ ရှိသမျှမထားသင့်ပါဘူး ဆရာမ ... ဆုံးရှုံးတတ်ပါတယ်"

ပြီးတော့ ယဉ်မှူယာရတနာသန့်စင်ရှင်း အလှည့်ဖြစ်ပါသည်။

"သမီးတို့က ကြက်ကလေးတွေ သားဖောက်ရောင်းပါတယ် ဆရာမ၊ ကြက်ဥတွေကို တစ်ပတ်တစ်ခါ ဥဖောက်စက်ထဲထည့်ပြီး ဖောက်ရပါတယ်။ ဒါပေမယ့် ပြီးတဲ့အပတ်က ကြက်ဥ ၁၂လုံးမှာရှစ်လုံးပဲအကောင်လေးတွေ ပေါ်ပြီး သားပေါက်ပါတယ်ရှင့်"

ဆရာမ။ "သမီးကရော ဘယ်လိုများ သင်ခန်းစာယူပါ သလဲကွယ်"

မှူယာ။ "ဘယ်အရာကိုမှ ရာခိုင်နှုန်းပြည့် မျှော်လင့်လို့ မရပါဘူး ဆရာမ"

ဆရာမအလွန်သဘောကျသွား၏။

"ကဲ... မောင်စစ်ပုအလှည့်"

"သားသားနဲ့အမေနဲ့ တစ်နေ့ဈေးသွားတော့ ပိုက်ဆံလိုက်တောင်းနေတဲ့ အဖိုးကြီးတစ်ယောက်က အမေ့ကို အဘ ထမင်းမစားရတာ လေးရက်တောင်ရှိပြီလို့ လာပြောပါတယ်။ ဒီတော့ အမေက..."

ဆရာမ။ "ဒီတော့ အမေက ပိုက်ဆံပေးလိုက်ရောလား"

စစ်ပု။ "ဟင့်အင်း... ဆရာမ... "အမလေး အဘလိုသာ ကျွန်မနေနိုင်ရင် ပိုက်ဆံကုန် အရမ်းသက်သာမှာပဲ"လို့ ပြောလိုက်ပါတယ်"

"ဟင် ဟုတ်လား... ဒီတော့ သားဆိုလိုချင်တာက"

"အဖေတို့ယောကျ်ားတွေဟာ သနားစရာမကောင်းဘူးလား ဆရာမရယ်"

www.burmeseclassic.com

www.burmeseclassic.com





## ပေးဦး . . . မှာ

အိမ်နီးချင်းအမျိုးသားနှစ်ဦးတို့သည် ကြင်သူသက်ထား များအား ခရစ်စမတ်လက်ဆောင်ပေးရေး ဆွေးနွေးလျက် ရှိ ကုန်၏။



ပ လူ။ ။ "ကျုပ်တော့ ကျုပ်မိန်းမကို လက်ဆောင်ပေးဖို့ မာစီဒီးကားတစ်စီးနဲ့ သိုးမွေးကုတ်တစ်ထည် ဝယ်ထားတယ်ဗျ"

ဒု လူ။ ။ "ဟုတ်လား. . . မာစီဒီးနဲ့ သိုးမွှေးကုတ်နဲ့ ဘယ်လိုများ ဆက်စပ်လို့လဲဗျာ"

ပ လူ။ ။ (ကြွားဝါသည့်လေသံဖြင့်) အိုး . . . ခက်ပါလား . . . ခင်ဗျား. . . တယ်ညံ့တာပဲ၊ ကျုပ်မိန်းမက အဝတ်အစားချေးများတယ်ဗျ။ ဝယ်ထားတဲ့ကုတ်ကို မကြိုက်ရင် ကိုယ်တိုင်သွားပြီးလဲနိုင်အောင် မာစီဒီးကား တစ်ခါတည်း ဝယ်ထားတာ သိပြီလား"

ဒု လူ။ ။ "အင်း . . . ဒါဆိုတော့လည်း ဟုတ်တာပဲ . . . ကျုပ်ကတော့ ခင်ဗျားလို မချမ်းသာတော့ ကျုပ်မိန်းမအတွက် ဖိနပ်တစ်ရံနဲ့ ဟင်ဒီပလတ်စ် တစ်ဗူးဝယ်ထားတယ်ဗျ"

ပ လူ။ ။ "(သိပြီးသားပုံဖြင့်). . . ဘာလဲ. . . ဟင်ဒီပလပ်စ်က ဖိနပ်ပေါက်ရင် ကပ်ဖို့ မဟုတ်လား"

ဒု လူ။ ။ "ဟုတ်ပါဘူးဗျာ . . . အဲဒီဖိနပ်ကို မကြိုက်လို့ ထပ်ဝယ်ပေးဖို့ ပူဆာရင် သူ့ပါးစပ်ကို ပိတ်ထားဖို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



# တရားလား

မြို့ငယ်လေးတစ်မြို့တွင် တရားလိုရှေ့နေက သူ၏ ပထမဆုံး သက်သေကို တရားခွင်သို့ တင်ပြ၏။ ထိုသက်သေမှာ အသက်(၇၀)ခန့် အမျိုးသမီးကြီးဖြစ်၏။

ရှေ့နေ။ ။ “မစ္စစ်ဂျုံး. . . ကျွန်တော့်ကို သိပါသလား”


မစ္စစ်ဂျုံး။ ။ “အိုး. . . ဘာလို့မသိရမှာလဲ မစ္စတာဝီလီယံရယ်၊ မင်းငယ်ငယ်ကတည်းက သိတာပေါ့။ အင်း. . . ပွင့်ပွင့်လင်းလင်း ပြောရရင် မင်းကိုငါသိပ် ကြည့်မရပါဘူး။ မင်းကလိမ်ပြောတတ်တယ်၊ ကိုယ့်မိန်းမကိုလည်း လိမ်တယ်၊ လူတွေကိုလည်း လိမ်တယ်၊ ကွယ်ရာမှာလည်း အတင်းပြောတတ်တယ်”

ရှေ့နေမှာ ဘာဆက်ပြောရမှန်းမသိဖြစ်သွား၏၊ ရှက်လည်းရှက်သွား၏။ ထို့ကြောင့် လုပ်မိလုပ်ရာ တရားခံရှေ့နေ့ထံ လက်ညှိုးညွှန်၍

“အဖွား . . . တရားခံရှေ့နေကြီးကိုရော သိပါသလား ခင်ဗျာ” ဟုမေးလိုက်မိပြန်၏။

မစ္စစ်ဂျုံး။ ။ “ဘာလို့မသိရမှာလဲ၊ မစ္စတာဘရက်ဒလေကို ငါငယ်ငယ်တုန်းက ထိန်းခဲ့တာပဲ၊ သူလည်းမစွံ ပါဘူး၊ သူက ပျင်းလဲပျင်းတယ်၊ အရက်လည်း တအားသောက်တယ်၊ ဆက်ဆံရေးကလည်း ညံ့ပါ့ ဒါနဲ့များ ရှေ့နေလုပ်ရသေး၊ အံ့ပါ့တော်”





ချက်ချင်းပင် တရားသူကြီးက တူကိုခေါက်လျှက် တရားခွင်ကို ငြိမ်သက်စေကာ ရှေ့နေနှစ်ဦးကို သူ့အနားသို့ လာရန်ခေါ်၏။ ပြီး ဘယ်သူမှမကြားအောင် တိုးတိုးလေး အံကြိတ်ပြီး ပြောလေသည်။

“ဟင်း . . . မင်းတို့ တစ်ယောက်ယောက်ကများ အဖွားကြီးကို ငါ့ကိုသိလားလို့ မေးလိုက်ကတော့ ရုံးတော်ကိုမခန့်မှုနဲ့ မိနစ်အတွင်း အချုပ်ထဲ ပို့ပစ်လိုက်မယ် . . . ကြားလား”

www.burmeseclassic.com

www.burmeseclassic.com





# ပြာလွင်လွင်ဇဝဟာင်ဗယ်

လေယာဉ်ထွက်ရန်အချိန်နီးလာပြီ။ ခရီးသည်များလည်း အစုံအလင်နေရာယူပြီးကြပြီ။ သို့သော် လေယာဉ်မောင်းမည့် ပိုင်းလော့ မလာသေးပါ။ မကြာမီလူနှစ်ယောက် မျက်မှန်အမည်းကိုယ်စီဖြင့် လေယာဉ်ပေါ်တက်လာကြ၏။ တစ်ဦးက တုတ်ကောက်တစ်ချောင်းဖြင့် ဟိုစမ်း ဒီစမ်း။ တစ်ဦးက လမ်းပြခွေးတစ်ကောင်ဖြင့် ဟိုရမ်းသည်ရမ်းလုပ်ကာ လေယာဉ်ဦးခန်းသို့ ဝင်သွားကြ၏။ သူတို့နှစ်ဦးကို ကြည့်ပြီး ခရီးသည်များ ပြုံးစိစိဖြစ်ကုန်၏။ သို့သော် မကြာလိုက်ပါ။ လေယာဉ်စက်နှိုး သံကြားရသည့်အခါ အားလုံး မျက်လုံးပြူးရတော့သည်။ ဒီမျက်မမြင်နှစ်ယောက် မောင်းသည့် လေယာဉ် ဘယ်သူ စီးဝံ့ပါမလဲ။ သို့သော်သူတို့အတွက် အများကြီး



နောက်ကျသွားပြီဖြစ်၏။ လေယာဉ်မှာပြေးလမ်းပေါ်ရောက်နေပေပြီ။ ပြန်ဆင်းပြေးဖို့ကလည်း မဖြစ်နိုင်တော့။ ခရီးသည်များ အထူးသဖြင့် အမျိုးသမီးများ ပွစိပွစိ၊ ရှုစိရှုစိ၊ ဟိုကြည့် ဒီကြည့် ဖြစ်ကုန်ကြ၏။ လေယာဉ်ပြေးနှုန်းက ပိုမြန်လာချေပြီ၊ တစ်ချို့ အမျိုးသမီးများငိုကြပြီ၊ ဘုရားစာရွတ်သူလည်းရှိ၏။ အမျိုးသားများလည်း ခြေမကိုင်မိ လက်မကိုင်မိ။ လေယာဉ်ကား တစ်ဖြည်းဖြည်း ပြေးလမ်းအဆုံးနားသို့ ရောက်ခါနီးလာ၏။ လေယာဉ်ပြတင်းမှ ကြည့်လျှင် ပြေးလမ်း အဆုံးရှိ ရေကန်ကြီးကိုမြင်ရ၏။ ပြေးလမ်းလွန်ကာ ကန်ထဲကျမှာ သွားပြီး ခရီးသည်များ ကြောက်စိတ် ငယ်ထိပ်သို့ ရောက်လာ၏။ ကြည့်ရင်း ကြည့်ရင်း ပြေးလမ်းအဆုံး ရောက်သွားပေပြီ။ အားလုံး မျက်စိစုံမိတ်ကာ အသံကုန်အော်မိကြသည်။

## " အား • • • • • "

လေယာဉ်ကြီး ရုတ်ချည်းမော့တက်သွား၏။ ခရီးသည်များ မျက်လုံးဖွင့်ကြည့်တော့ လေထုထဲ ရောက်နေပြီ။ ထိုအခါမှ အားလုံးကိုယ်စီ သက်ပြင်းချနိုင်တော့၏။ လေယာဉ်ဦးခန်းတွင်တော့ လေယာဉ်မှူးသည် နဖူးမှချွေးများကို သုတ်ကာ စိတ်မောမောသံဖြင့် သူ၏ တွဲဖက်လေယာဉ်မှူးကို ပြောလိုက်သည်။

"ဒီတစ်ခေါက်ခရီးသည်တွေ အော်တာနောက်ကျခဲ့တာကွာ၊ ဒီထက်သာနောက်ကျရင် တို့လေထဲမရောက်ဘဲ ကန်ထဲရောက်သွားမှာ သေချာတယ်---ဟူး"

www.burmeseclassic.com

www.burmeseclassic.com



# ရဲရဲတောက်

ပင်လယ်ဓားပြများ သောင်းကျန်းသည့် ကာလဖြစ်သည်။ သင်္ဘောသားများမှာ စိုးရိမ်ထိတ်လန့်လျက်ရှိသည်။ သင်္ဘော ကပ္ပတိန်က ပထမတန်းကုန်းပတ် အရာရှိအား အမိန့်ပေးလိုက်၏။

"ငါ့အင်္ကျီအနီသွားယူပေးစမ်း"

ထိုအင်္ကျီနီကို ဝတ်ဆင်ကာ သင်္ဘောသားများနှင့်အတူ ပင်လယ်ဓားပြများကို တိုက်ခိုက်နှင်ထုတ်နိုင်ခဲ့လေသည်။ ထိုအခါ သင်္ဘောသားတစ်ဦးကမေး၏။

"ကပ္ပတိန်... ပင်လယ်ဓားပြတွေကို တိုက်ခါနီးတိုင်း ဘာဖြစ်လို့ အင်္ကျီအနီကို ယူခိုင်းရပါသလဲခင်ဗျာ"

ကပ္ပတိန်ကပြုံး၏။

"တိုက်ပွဲမှာ ငါဒဏ်ရာရရင် မင်းတို့မသိအောင်ပေါ့ကွ ဒါမှ... မင်းတို့ မကြောက်မရွံ့ ဆက်ပြီး တိုက်နိုင်မှာပေါ့ကွ"

ထိုစကားပြောကြားသောအခါ ကပ္ပတိန်၏ ရဲစွမ်းသတ္တိ နှင့် အမြော်အမြင်ကြီးမှုကို သင်္ဘောသားများက ချီးမွမ်းကြကုန်၏။ ထိုစဉ် မျှော်စင်မှ အော်ပြောသံကို ကြားရ၏။

"ကပ္ပတိန်... ပင်လယ်ဓားပြတွေ သင်္ဘောဆယ် လောက်ရှိတယ်... ကျွန်တော်တို့ဆီလာနေပြီ"







ကပ္ပတိန်က မှန်ပြောင်းဖြင့် လှမ်းကြည့်၏။ ပြီးတော့ အမိန့်ပေးလိုက်သည်။

"ငါ့ဘောင်းဘီအညို သွားယူပေးပါဟေ့..."

www.burmeseclassic.com

www.burmeseclassic.com



# ပြောပါဘူးဆို

မောင်စစ်ပုတို့ဘေးအိမ်မှအမျိုးသမီး ကလေးတစ်ဦး မွေးဖွားရာ ထိုကလေးတွင် နားရွက်မပါချေ။ ဆေးရုံမှ ဆင်း လာပြီးတစ်ပတ်အကြာတွင် ကလေးကင်းပွန်းတပ်ပွဲ ကြွရောက်ရန် မောင်စစ်ပုတို့ မိသားစုကို ဖိတ်ကြားလေသည်။ မောင်စစ်ပု မိခင်က ကင်းပွန်းတပ်ပွဲတွင် ကလေးတွင် နားရွက်မရှိသည့် အကြောင်း တစ်ခွန်း တစ်ပါဒမျှ မပြောမိရန် အထပ်ထပ်မှာကြား ဖခင်ကလည်း "ကင်ပွန်းတပ်ပွဲမှာ မင်း အဲဒီကိစ္စပြောမိလို့ကတော့ ဟောဒီကြိမ်လုံးသာ ကြည့်ထားပေတော့" ဟု ကြိမ်းပြန် မောင်စစ်ပုက ထိုကိစ္စလုံးဝမပြောမိဖို့ ကတိပေးလိုက်လေသည်

ထိုအိမ်သို့ ရောက်ကြသောအခါ . . . မောင်စစ်ပု ကလေး၏ လက်ကလေးကို ပွတ်သပ်ကိုင်တွယ်လျက် "အန် ကလေးလေးက ချစ်စရာလေးနော်" ဟုဆိုလေသည်။ ထိုကလေး မိခင်မှာ နလုံးပီတိဂွမ်းဆီထိလျှက် မောင်စစ်ပုကို "မောင်စ လေးကလည်း လိမ္မာပါတယ်" ဟုတုန့်ပြန်၏။ မောင်စစ်ပု စကားကိုဆက်၏။

"သူ့လက်ကလေးတွေ ခြေထောက်ကလေးတွေ ပြည့်ပြည့်ဖောင်းဖောင်းလေးတွေ၊ မျက်လုံးကလေးကလည ဝိုင်းဝိုင်းလေးနဲ့ လှတယ်၊ ဒါနဲ့ ဆရာဝန်က သူ့မျက်စိမြင် မ စမ်းသပ်သေးလားဟင်"





ကလေးမိခင်က ဇဝေဇဝါဖြင့်

"အင်း . . . စမ်းတော့မစမ်းဘူး၊ ဒါပေမယ့် မျက်စိ ကောင်းပါတယ်လို့တော့ပြောတယ်၊ ဘာဖြစ်လို့လဲ"

မောင်စစ်ပုက တွေးတွေးဆဆဖြင့် . . .

"အင်း ဒါဆိုရင်တော့မဆိုးပါဘူး၊ နို့မို့ဆိုရင် မျက်မှန် တပ်ဖို့ခက်မယ်"

www.burmeseclassic.com

www.burmeseclassic.com





# ရောင်းနည်းသစ်

တစ်အိမ်တက်ဆင်း လိုက်ရောင်းသည့် အရောင်းသမားများ တော်လွန်းသဖြင့် လာဆိုလာကုမ္ပဏီက ဖုန်စုပ်စက်များ အရောင်းသွက်နေ၏။ ထို့ကြောင့် နယ်ဘက်သို့ အရောင်းတိုး



ချဲ့လျှက်ရှိသည်။ ယခုလည်း အရောင်းသမားတစ်ဦး နယ်ဘက်မှ အိမ်တစ်အိမ်၏ တံခါးကို ခေါက်နေ၏။ တံခါးဖွင့်လာသူမှာ မျက်နှာထားတည်တည်ဖြင့် အမျိုးသမီးတစ်ဦး ဖြစ်သည်။ သူမ ဘာမှမပြောရသေးမီ အရောင်းသမားက အတွင်းသို့ လှစ်ကနဲ ဝင်ကာ လက်ထဲမှအထုပ်ကို ကော်ဇောပေါ် သို့ ဖြန့်ကျဲချလိုက်၏။

အမျိုးသမီး။ ။ (ဒေါသဖြင့်)"ဟင် - ဒါဘာတွေလဲ"

အရောင်း ။ ။ "ဒါ မြင်းချေးတွေနဲ့ အမှိုက်တွေပါ မဒမ်"

အမျိုးသမီး။ ။ (ဒေါသကြောင့်အသံပင်တုန်နေသည်)
"ဒါ... ရှင်... ရှင် ဘာသဘောနဲ့"

အရောင်း။ ။"မပူပါနဲ့မဒမ်၊ ကျွန်တော်တို့ ဖုန်စုပ်စက်ဟာ ဒါတွေကို ငါးမိနစ်အတွင်း အပြတ်မရှင်းနိုင်ဘူးဆိုရင် ဒီမြင်းချေးတွေကို ကျွန်တော်အကုန်စားပစ်ပါ့မယ်"

အမျိုးသမီး။ ။ (တဖြည်းဖြည်းပြုံးလာကာ)
"အော်... ဒီလိုလား။ ဒီလိုဆိုရင် ဒါတွေကုန်အောင်စားဖို့ အချဉ်ရည်များလိုဦးမလား"

အရောင်း ။ ။ (အံ့အားသင့်စွာဖြင့်)
"ဟင်... ဘာဖြစ်လို့လဲ"

အမျိုးသမီး။ ။"ဒီနေ့ ကျွန်မတို့ဆီမှာ ဓာတ်အားလိုင်းပြင်ဖို့ မီးဖြတ်ထားတယ်ရှင့်"

အရောင်း ။ ။ "ဗျာ... "

www.burmeseclassic.com

www.burmeseclassic.com





# အရိပ်သုံးပါး

ဇနီးမောင်နှံနှစ်ဦးသည် တစ်နာရီ (၅၅) မိုင်နှုန်း သတ်မှတ်ထားသော အဝေးပြေးလမ်းမကြီးပေါ်တွင် ကားကို မောင်းနှင်လျက်ရှိ၏ မကြာမီ ယာဉ်ထိန်းရဲက သူတို့ကားကို တားလေသည်။



ရဲ။ ။"ခင်ဗျား တစ်နာရီ မိုင် ၇၀ နှုန်း မောင်းလာတယ် မဟုတ်လား"

ကျား။ ။"ကြံကြံဖန်ဖန်ဗျာ . . . ခင်ဗျားရေဒါက တစ်ခြားကား တစ်စီးစီးမောင်းတာကို ဖမ်းမိတာဖြစ်မှာပါ။ ကျုပ်ကား က ဒိုင်ခွက်မှာ တစ်နာရီ ၅၅ ပဲ"

ဇနီး။ ။"မဟုတ်ပါဘူး။ ရှင့်ကိုတောင် ကျမသတိပေးတယ်လေ မိုင်(၇၀)နှုန်း ရှိနေပြီ လျှော့ဦးလို့"

ကျား။ ။"ဟာ . . . ဒီမိန်းမ ပါးစပ်ပိတ်ထားစမ်း"

ရဲ။ ။"ခင်ဗျားလိုင်စင်လေး တဆိတ်လောက်ကြည့်ပါရစေ"

ကျား။ ။"အိုး . . . ရပါတယ် . . . ရပါတယ်"

ဇနီး။ ။"ဘာရပါတယ်လဲ၊ ရှင့်လိုင်စင်က သက်တမ်းကုန်နေပြီ၊ သက်တမ်းသွားတိုးပါဆိုတော့ မသွားဘဲနဲ့"

ကျား။ ။"ဒီမိန်းမတော့ကွာ မင်းပါးစပ် ပိတ်မလား မပိတ်ဘူး လား"

ရဲ။ ။"(ဒေါသထွက်လာသဖြင့်) "အမကြီးကို ဒီလူ အဲဒီလို နိုင်ထက်စီးနင်း အမြဲလုပ်သလား"

ဇနီး။ ။ (ပျာပျာသလဲဖြင့်) "အိုမလုပ်ပါဘူး . . . မလုပ်ပါဘူး မူးနေတဲ့အချိန်လေးသာ ဒီလိုပြောတာပါ"

www.burmeseclassic.com

www.burmeseclassic.com





# အလုပ်ဆိုတာ

ချောစုယဉ် တစ်ယောက် ကုမ္ပဏီတစ်ခု၏ ကောင်တာ
တွင် ဧည့်ကြိုနှင့် တယ်လီဖုန်းအော်ပရေတာ တစ်ဦးအဖြ
ခန့်ထားခြင်းခံရ၏။ သူမမှာ အလုပ်ကြိုးစားသဖြင့် အထက်
အရာရှိဖြစ်သူက ချီးမွမ်း၏။ လစာတိုးပေးရန် ထောက်



တင်ပြပေးမည်ဟုဆိုသဖြင့် ချောစုယဉ် စိတ်ကူးနှင့် ပျော်မြူးလျက်ရှိ၏။ တစ်လခန့် ကြာသော် သူ၏အထက် အရာရှိက ခေါ်တွေ့လေသည်။

အရာရှိ။ ။"ချောစုယဉ် . . . မင်းလုပ်ရည်ကိုင်ရည်ကြောင့် လခတိုးပေးဖို့ ကုမ္ပဏီဥက္ကဋ္ဌကို တင်ပြပြီးပြီ"

ချော။ ။"ဟုတ်လားအန်ကယ် . . . အကျိုးအကြောင်း သိရပြီလားဟင်"

အရာရှိ။ ။"(မျက်နှာမကောင်းလှစွာဖြင့်) အင်း... ဒုဥက္ကဋ္ဌက ပြောတယ်၊ မင်းကို လစာတိုးမပေးနိုင်ဘူးတဲ့"

ချော။ ။"ဘာဖြစ်လို့လဲဟင်"

အရာရှိ။ ။"မင်းအလုပ်ကို ကြိုးကြိုးစားစား လုပ်တယ်ဆိုတာ မဖြစ်နိုင်ဘူးတဲ့"

ချော။ ။"အိုး...သမီး ဒီလောက်ကြိုးကြိုးစားစား လုပ်နေတာ သူကသမီးကို အဲဒီလိုပြောတယ် ဟုတ်လား၊ သမီး ဘာများမှားလို့လဲ"

အရာရှိ။ ။"(သက်ပြင်းချ၍) အင်း . . . သမီးကိုသူမြင်တိုင်း တစ်ယောက်ယောက်နဲ့ စကားပြောနေတာ . . . ဒါမှမဟုတ် တယ်လီဖုန်း ပြောနေတာတွေပဲ တွေ့တယ်လို့ပြောတယ် သမီးရဲ့"

www.burmeseclassic.com



# ကျွန်မသိပြီ

ကမ္ဘာအနှံ့တွင် ကုမ္ပဏီခွဲများဖွင့်ထားသော လုပ်ငန်းရှင်ကြီး မစ္စတာ ဂျင်ပေါ်ထုံးက သူ၏အသက် ၇၀ ပြည့်မွေးနေ့ညစာစားပွဲကို နေအိမ်တွင် ကျင်းပ၏။ ထိုညစာစားပွဲသို့ အာရှနိုင်ငံမှ မန်နေဂျင်းဒါရိုက်တာ မစ္စတာ ယောင်ပေပေတို့ ဇနီးမောင်နှံလည်း တက်ရောက်၏။ ညစာစားနေစဉ် မစ္စတာယောင်ပေပေမှာ ဘီယာအသောက်များသွားသဖြင့် မစ္စတာဂျင်ပေါ်ထုံးကို အိမ်သာ ရှိရာမေး၍ ထွက်သွား၏။ သူပြန်လာသောအခါ ညစာစားပွဲပြီးသွားသဖြင့် ဇနီးနှင့်အတူ တည်းခိုရာ ဟိုတယ်သို့ပြန်လာကြလေသည်။ လမ်းတွင် ယောင်ပေပေက

"ဟေး . . . ဒါလင် . . . အိုင်တို့ရှုံးခဲ့ ဘတ်ဂျက်ကိုတော့ မစ္စတာထုံးက ဖြတ်ချတယ်။ သူ့အိမ်ကျတော့ ဆီးသွားတဲ့ ခွက်ကိုတောင် ရွှေနဲ့လုပ်ထားတယ် သိလား"

"ဟင် . . . ဒါတော့မဖြစ်နိုင်ပါဘူးရှင် . . . ရှင်မူးနေလို့ အမြင်မှားတာဖြစ်မှာပါ"

"ဟေ့ . . . ငါမမှားပါဘူးကွာ . . . မူးလဲမမူးပါဘူး"

"အို . . . သေချာအောင် ဟိုတယ်ရောက်ရင် မစ္စစ်ထုံးကို ဖုန်းဆက်မေးကြည့်မယ်"

"မင်းက ငါပြောတာတောင်မယုံဘူးဟုတ်လား။ မေး မေး . . . ကြိုက်သလိုမေး"





ဟိုတယ်ရောက်ရောက်ချင်း မစ္စစ်ယောင်ပေပေက မစ္စစ်ဂျင်ပေါ်ထုံးကို ဖုန်းဆက်လေသည်။

"ဟဲလိုမစ္စစ်ထုံးလား၊ ကျွန်မ မစ္စစ်ယောင်ပေပေပါ၊ ရှင်တို့အိမ်မှာ ဆီးသွားတဲ့ ခွက်ကိုတောင် ရွှေနဲ့လုပ်ထားတယ်ဆို"

မစ္စစ်ထုံးက ပြန်မဖြေသေးပဲ သူ့ယောက်ျားထံသို့ သုမ်းအော်ပြောသံ ကြားလိုက်ရ၏။

"ဒါလင်ရေ . . . . ရှင်ချိတ်ထားတဲ့ ဆက်ဆိုဖုန်းကြီးထဲ ဆီးသွားတဲ့တရားခံ တွေ့ပြီရှင့်"

www.burmeseclassic.com

www.burmeseclassic.com





# ယုံရင်ပြီးတာပဲ

ယမန်နေ့က ခွင့်ယူခဲ့သည့် စိန်ခင်ဇာခြည်အား နောက် တစ်နေ့တွင် အရာရှိဖြစ်သူက ခေါ်တွေ့သည်။

အရာရှိ ။ ။ "သေပြီးရင် နောက်ဘဝရှိတယ်ဆိုတာ ညည်း ယုံသလား"

စိန်ခင်ဇာခြည်။ ။ (ဘာကိုဆိုလိုမှန်းမသိ၍ ဇဝေဇဝါဖြင့်) "ဟုတ်ကဲ့ ယုံပါတယ်"

အရာရှိ ။ ။ "အေးလေ---ယုံတယ်ဆိုရင်တော့ ပြီး တာပါပဲ"

စိန်ခင်ဇာခြည်။ ။ (သိချင်ဇောဖြင့်) "ဘာဖြစ်လို့မေးတာလဲ ဆရာ"

အရာရှိ။ ။ "အေး . . . ညည်းဦးကြီးရဲ့ အသုဘ လိုက်ပို့ဖို့ဆိုပြီး မနေ့ကခွင့်ယူတုန်း အဲ ဦးကြီးက ညည်းကို တွေ့ချင်လို့ဆိုပြီး ရုံး လာသွားတယ်"





# နှိုင်းစရာရှားလို့

တစ်နေ့တွင် မူကြိုကျောင်းသားကြီး မောင်တက်ပု တစ်ယောက် ဖခင်ဖြစ်သူ ကိုလူလုကို သူ၏ လက်ရှိကျောပိုးအိတ်မှာ ညစ်ပတ်နေပြီဖြစ်ကြောင်း၊ လွယ်ကြိုးများမှာလည်း စုတ်နေပြီး အရောင်အသွေးမှာလည်း မှေးမှိန်နေပြီဖြစ်ကြောင်း၊ အသစ်လဲ ပေးပါမည့်အကြောင်း ဆင်ခြေဆင်လက်ဆင်နားရွက် အပြည့်အစုံဖြင့် အရေးဆိုလေသည်။ သားဖြစ်သူ၏ စကားဆုံးအောင် ငြိမ်သက်စွာ နားထောင်ပြီးမှ ဖခင်ကိုလူလုက လေပြေကလေးနှင့် ပြောလိုက်ပုံမှာ

"သားရယ် . . . မင်းက . . . ခြောက်လလောက်ပဲ ရှိရသေးတဲ့ကျောပိုးအိတ်ကို အသစ်လဲချင်နေတယ်၊ အဖေ ပြောဖို့လည်းထားပါဦး . . . မင်းအမေကို ပေါင်းလာရတာ နှစ်နှစ်ဆယ်လောက်တောင် ရှိနေပြီ. . . " တဲ့ဗျ။

www.burmeseclassic.com

www.burmeseclassic.com







# ဦးလူပုနှင့် တပည့်ကျော်များ

လုပ်ငန်းရှင်ကြီးဦးလူပုတစ်ယောက် အမြတ်လည်းရှုံး အရင်းဆုံးကာ လုပ်ငန်းမအောင်မြင်သဖြင့် တပည့်ကျော်များကို ခေါ်ယူကြိမ်းမောင်းနေ၏။ ဒေါသဒီဂရီမြင့်တက်နေသော ဦးလူပု မှာ ထိုင်ပင်မထိုင်နိုင်ရှာပါ၊ ခေါက်တုန့် ခေါက်ပြန်လမ်းလျှောက် ရင်း...

"ကိုင်း... အပြစ်ရှိတဲ့ကောင်တွေ ကိုယ့်အသိစိတ် ဓာတ်နဲ့ ကိုယ်မတ်တပ်ရပ်ကြစမ်း"

အားလုံးငြိမ်သက်နေ၏။ ခဏနေမှနောက်ဆုံးမှာ ထိုင်နေသည့် ပေတိုးက ဖြည်းဖြည်းချင်းထရပ်သည်။ ဦးလူပုက လက်ညှိုး ငေါက်ငေါက်ထိုး၍

"ကဲ... ပြောစမ်း... မင်းမှာဘာအပြစ်တွေရှိ သလဲဆိုတာ"

ပေတိုးက ထစ်ထစ်ငေါ့ငေါ့ဖြင့်ပြန်ပြောလေသည်။

"မဟုတ်... မဟုတ်ရပါဘူးဘော့စ်... ကျွန်တော်က ဘော့စ်တစ်ယောက်တည်း ရပ်နေရလို့ အားနာလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



# စကားပြန်

ဘိန်းဖြူရာဇာကြီး ဘတုတ်တစ်ယောက် ငွေကိုင်ဖြစ်သူက စာရင်းလိမ်သဖြင့် ဒေါသတကြီးစစ်မေးနေ၏။ ငွေကိုင်ဖြစ်သူက ပြန်မဖြေချေ။ ထိုအခါတပည့်ဖြစ်သူဂွတိုက "ဆရာကြီး သူက စကားမပြောတတ်ဘူး၊ "အ"နေတယ်။ ကျွန်တော် မေးပေးမယ်"ဟုဆိုကာ လက်ဟန်ခြေဟန်ဖြင့် ငွေများဘယ်မှာ ဝှက်ထားသည်ကို မေး၏။ ငွေကိုင်ကလည်း လက်ဟန်ခြေဟန်ဖြင့် ပြန်ပြော၏။ "ဆရာကြီးသူ ဘာမှမသိဘူးလို့ပြောနေတယ်" ဆရာကြီး ဘတုတ်ဒေါသကား အမြင့်ဆုံးဒီဂရီသို့ ရုတ်ချည်း ရောက်သွား၏။ ခါးမှသေနတ်ကို ဆွဲထုတ်ကာ ငွေကိုင်၏ ခေါင်းတွင်တေ့ထား၏။ "ကဲ ဂွတို ထပ်မေးစမ်း၊ ငါ့ပိုက်ဆံတွေ ဘယ်မှာလဲလို့" ဟု အမိန့်ပေး၏။ ဂွတိုမေးသည့်အခါ ငွေကိုင်က အသက်ဘေးကြောက်သဖြင့် သူ့အခန်းထဲက ဘီဒို အံဝှက်ထဲတွင် ရှိကြောင်း လက်ဟန်ခြေဟန်ဖြင့် ပြောပြလေသည်။ ထိုအခါ ဂွတိုက "ဆရာကြီးကို သူကပြောနေတယ်... ပစ်လဲ မပစ်ရဲဘဲနဲ့ သေနတ်နဲ့ ချိန်မနေနဲ့ ... သွားသေလိုက်တဲ့"





www.burmeseclassic.com

www.burmeseclassic.com







# ဇစာဇစာဇပြာပါလား

အရက်သမားတစ်ယောက် ညဘက်လမ်းပေါ်မှာ သိုင်းကွက် နင်းနေ၏။ သူလမ်းလယ်ခေါင်တွင်ရှိစဉ် ပြောသံတစ်ခုကိုကြားရ၏။

"ဟေ့ကောင် . . . ပလက်ဖောင်းပေါ်တက်လိုက် အခု တက်လိုက်"

အမူးသမားက ပလက်ဖောင်းပေါ်သို့ တက်လိုက်စဉ် ကားတစ်စီးက အရှိန်ပြင်းစွာဘေးမှဖြတ်သွား၏။ အမူးသမားက ကားကို တစ်ချက်လှမ်းကြည့်ပြီး လမ်းဆက်လျှောက်၏။ တစ်နေရာအရောက်တွင် အသံထပ်ကြားရ၏။

"ဟေ့ . . . ရပ် . . . ရပ် . . . ရှေ့မတိုးနဲ့၊ မင်းရှေ့တစ်လှမ်းတိုးတာနဲ့ ခေါင်းပေါ်ကိုပန်းအိုးပြုတ်ကျလိမ့်မယ်"

အမူးသမားက ရပ်လိုက်စဉ် သူ့ရှေ့သို့ ပန်းအိုးကြီးတစ်လုံး ဘေးအိမ်ဝရန်တာပေါ်မှ ကျလာ၏။ အမူးသမားက အသံရှင်ကို အော်မေး၏။

"ဟေ့ . . . ဘယ်သူလဲကွ၊ ဘယ်ကပြောနေတာလဲ"

ထိုအသံကပြန်ပြောသည်။

"ငါက မင်းကို အန္တရာယ်မဖြစ်အောင် စောင့်ရှောက်နေတဲ့ ကိုယ်စောင့်နတ်ကွ"

အမူးသမားကပြန်ပြောလိုက်၏။

"ဟေ . . . အေး . . . ဒါဆို . . . ငါမိန်းမယူတုန်းက ဘာလို့ လာမတားတာတုန်း . . . အေ့"

www.burmeseclassic.com

www.burmeseclassic.com



# အထင်ကြီးမိပုံက

ကျွန်တော် စူပါမားကတ်တစ်ခုထဲမှာရှိနေစဉ် သုံးနှ
အရွယ်မိန်းကလေး တစ်ဦးကို လက်ဆွဲ၍ ဈေးဝယ်နေသော
အမျိုးသမီးတစ်ယောက်ကို သတိပြုမိ၏။ သူမတို့ ကလေး ကစား
စရာများ ထားသည့်နေရာအရောက်တွင် ကလေးဖြစ်သူက
လိုချင်သည်များကို လက်ညှိုးထိုးတောင်းဆို၏။ သူမက ခေါင်းခါသဖြ
ကလေးမှာငိုမဲ့မဲ့ဖြစ်လာ၏။ ထိုအခါ အမျိုးသမီးက ခပ်တိုးတိုးဖြ

"ကဲ ဇာခြည် . . . စိတ်ညစ်မနေနဲ့ ဝယ်စရာလဲသိ
မကျန်တော့ပါဘူး"ဟု ပြောလိုက်သံကြားရ၏။

သကြားလုံးနှင့် ချောကလက်များ ထားရာနေရာ
ဖြတ်စဉ် ကလေးက ချောကလက်တောင်းပြန်၏။ မရသဖြ
အသံထွက်ကာ ငို၏။ ထိုအခါတွင်လည်း အမျိုးသမီးက "ဇာခြ
မငိုနဲ့... မငိုနဲ့... ငွေချေရမယ့် နေရာနား ရောက်တော့မယ်"
ပြောပြန်၏။ ငွေချေသည့်နေရာ ရောက်သည်အထိ အငိုမတိတ်သေ
အမျိုးသမီးက ခပ်တိုးတိုးဖြင့် "ငါးမိနစ်လောက်ပဲကြာတော့
ဇာခြည်ရေ၊ ဒါပြီးရင် ပြန်ရုံပဲ သိလား"ဟုနှစ်သိမ့်ပြန်သည်။ ဤ
သည်းညည်းခံနိုင်သော မိခင်မျိုးကို မကြုံဘူးလေရကား သူ
အပြင်ရောက်လာသည့်အခါ ကျွန်တော်ကသူမအား ချီးမွမ်းစကာ
ဆိုမိပါ၏။ "ခင်ဗျားကသမီးလေး ဇာခြည့်အပေါ်မှာ တကယ်
သည်းခံစိတ်ရှည်တာပဲကိုး။ ခင်ဗျားလို အမေမျိုးတော့ ရှားပါတယ်
ဗျာ"





ထိုအခါသူမက နားမလည်သလို ပြန်ကြည့်ရင်း ပြန်ပြော
"ဇာခြည်ဆိုတာကကျွန်မရှင့်၊ သမီးနာမည်က သီဂီတဲ့"

www.burmeseclassic.com

www.burmeseclassic.com



# မှားချက်တယ်နာ



ဥရောပ လေကြောင်းခရီးစဉ်တစ်ခု ပျံသန်းရင်း လေယာဉ်ပျက်ကျတော့မည်ဖြစ်၍ စွန့်ခွာကြရန် လေယာဉ်ပိုင်းလော့များက ကြေညာပြီး လေထီးအသီးသီးဖြင့် လေယာဉ်ကို စွန့်ခွာသွားကြရာ ခရီးသည် ငါးဦးသာကျန်တော့၏။ သူတို့ထဲတွင် လေထီးက လေးစုံသာရှိ၍ ဘာလုပ်ကြရမည်ကို တိုင်ပင်ရင်း ရုပ်ရှင်သရုပ်ဆောင်က မိမိသေရမှာ မကြောက်ပါကြောင်း၊ သို့သော်



ရုပ်ရှင်ပရိသတ်များကို ဖျော်ဖြေရန် သူမှာ တာဝန်ကျန်နေသေးသဖြင့် သူအသက်ရှင်သင့်ကြောင်း ပြောကာ၊ လေထီး တစ်ခုကိုယူ၍ လေယာဉ်ပေါ်မှ ဆင်းသွား၏။

ဘောလုံးသမားကလည်း နိုင်ငံ့ဂုဏ်ဆောင် ဘောလုံးသမားတစ်ယောက် ဆုံးရှုံးသွားပါက နိုင်ငံအနေဖြင့် အများကြီးနစ်နာသွားနိုင်ရာ သူလည်း အသက်ရှင်သင့်ကြောင်းပြော၍ လေထီးတစ်ခုယူကာဆင်းသွားပြန်၏။

လုပ်ငန်းရှင်ကြီးကဘာမှမပြော၊ ဇတ်ကနဲ လေထီးထုပ်ကို ကောက်ယူယူပြီး ဆင်းသွား၏။

ကျန်ရစ်သူအဖိုးအိုက လူငယ်အား

"ကဲ... လူကလေး၊ လေထီးက တစ်ခုပဲ ကျန်တော့တယ်။ အဘက အသက်လည်းကြီးပါပြီ၊ မင်းက ငယ်လည်းငယ်သေးတယ်၊ လောကကြီးမှာ ဆက်နေသင့်တယ်၊ ဒီတော့ကျန်တဲ့ လေထီးယူပြီး ဆင်းသွားပေရော့"

ကျောင်းသားလေးက မျက်စိပေကလပ်ပေကလပ်နှင့်

"လေထီးက နှစ်ခုကျန်သေးတယ် အဘရဲ့" ဟုအဖိုးအိုကို ပြန်ပြောလိုက်ရာ

"ဟာကွာ . . . မင်းရေ့တင်ပဲ သုံးယောက်လုံး ဆင်းသွားတာတွေ့သားနဲ့"

"ဟို . . . ဟို . . . လုပ်ငန်းရှင်ကြီးယူသွားတာ လေထီးမဟုတ်ဘူး အဘရေ . . . ကျွန်တော့်ကျောပိုး အိတ်ကြီးဗျ"

www.burmeseclassic.com



# မသိသူ့ဂေဟ်သွား

သဲကန္တာရထဲတွင် မျက်စိလည်နေသောလူတစ်ဦးမှာ ရေကို အသည်းအသန် ရှာဖွေနေစဉ် ခပ်ဝေးဝေးတွင် လှုပ်ရှားနေသော သဏ္ဍာန်တစ်ခုမြင်ရသဖြင့် အပြေးသွားကြည့်သည့်အခါ အာရပ်လူမျိုးတစ်ဦး ဗန်းကလေးဖြင့် လည်စည်း (နက်ကတိုင်) များ ရောင်းချနေသည်ကို တွေ့ရသည်။

လူ ။ "ဟော့လူ . . . ရေ ဘယ်နားမှာများ ရနိုင်လဲ"

အာရပ် ။ "ဒီလည်စည်းလေးတွေ အားပေးပါဦး ဆရာရယ်။ ပြီးရင် ကျွန်တော်ပြောပါ့မယ်"

လူ ။ "ရေငတ်ရတဲ့အထဲ ဒီလည်းစီးက ဘာလုပ်ရမှာတုန်း။ တော်ဗျာ ရေရှိမယ့် နေရာကိုသာပြော။ ခင်ဗျား ပြောတာတွေ နားထောင် မနေနိုင်ဘူး"

အာရပ် ။ "အေးဗျာ... ဒါဆိုလည်း ခင်ဗျားထိုက်နဲ့ ခင်ဗျားကံပဲ။ ဟိုး နစ်မိုင်ခွဲလောက်မှာ စားသောက်ဆိုင် တစ်ဆိုင် ရှိတယ်။ အဲဒီမှာ ရေရော... ဘီယာရော ရ... ရ ... ဟာ...ဟော့ ဆရာနေဦးလေ"

စကားမဆုံးခင် လက်ညှိုးညွှန်ရာသို့ ပြေးတော့သည်။ နောက်နှစ်နာရီခန့်အကြာတွင် ထိုလူပင်ပန်းနွမ်းနယ်စွာ လေးဘက်တွား၍ အာရပ်ကြီးရှိရာသို့ ပြန်ရောက်လာ၏။

အာရပ် ။ "ဘယ်လိုလဲ ဆရာကြီး-ရေသောက်ခဲ့ရဲ့လား"






လူ ။ "မင်းက စားသောက်ဆိုင်ထဲဝင်ရင် လည်စည်း ပါမှဝင်လို့ရတယ်လို့ ဘာလို့မပြောလိုက်တာလဲ"

အာရပ် ။ "ကျွန်တော်ကပြောမလို့ပါ . . . ဆရာက ကျွန်တော့ စကားကို ဆုံးအောင်မှ နားမထောင်ပဲ"

www.burmeseclassic.com

www.burmeseclassic.com





# ငယ်ရွယ်သူကိုကြင်နာပါ


ထက်ထက်နှင့် မောင်စစ်ပုတို့ မောင်နှမနှစ်ယောက် အိမ်နောက်ဖေးသို့အထွက် သရက်ပင်အောက်၌ သရက်သီး နှစ်လုံးတွေ့ရသဖြင့် ပြေးကောက်ကြရာ လျင်မြန်သွက်လက်လှ သော မောင်စစ်ပုက အကြီးဆုံး အမှည့်ဆုံး သရက်သီးကို ရသွားလေ၏ ထက်ထက်မှာ သူရလိုက်သော သရက်သီးပိန် ရှုံ့ရှုံ့ လေးကိုကြည့်ရင်း မကျေမနပ်ဖြင့် . . .

"နင်က ငါ့ကို ညှာကိုမညှာဘူး။ ငါသာဆိုရင် သေးတဲ့ သရက်သီးကိုပဲ ကောက်မှာ . . . "

မောင်စစ်ပုက အေးအေးလေးပြန်ပြောလေသည်။

"အေးလေ ခုလည်း နင်သေးတဲ့အလုံးကို ရပြီးသား ပဲဟာ . . . ဘာလို့ပြောနေရတာတုန်း။"





# ဟုတ်ရဲ့လား

ကွယ်လွန်သွားသော ဖွားအေဖြစ်သူနှင့် စကားပြော နိုင်ရန် ပလောင်မလေး မသဲနုက နတ်ဆရာတစ်ဦးထံ သွားလေ သည်။ခဏအကြာတွင် နတ်ဆရာမှာ တစ်ကိုယ်လုံး တုန်လာပြီး စကားစတင် ပြောလေသည်။

နတ်ဆရာ ။ "ဟဲ့ . . . ဒါ ငါ့မြေးလေးမဟုတ်လား"

နု ။ "ဟုတ်ပါတယ်အဖွား . . . (ခဏတွေသွားပြီး) ဒါ အဖွား ဟုတ်ပါတယ်နော်။"

နတ်ဆရာ ။ "ဟုတ်ပါတယ်မြေးရယ် . . . တကယ်ပါ"

နု ။ "သေချာရဲ့လား အဖွားရယ်"

နတ်ဆရာ ။ "သိပ်သေချာတာပေါ့မြေးရယ်"

နု ။ "ဒါဆို သမီးတစ်ခုလောက်မေးမယ်နော်"

နတ်ဆရာ ။ "ကြိုက်တာမေး ငါ့မြေးရေ . . ."

နု ။ "အဖွား မြန်မာလို ဘယ်တုန်းက သင်လိုက် တာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com





# ခုဂါ လွန်လွန်းလို့

စပ်ရွှေမောင်း ရန်ကုန်သို့ ဘုရားဖူးလာ၏။ ဆူးလေဘုရားဖူးရန် မြို့ထဲသွား ဘတ်စ်ကားကြီးတစ်စီးပေါ် ပြေးတက်၏။ သူတက်ပြီး မကြာမီ ယာဉ်မောင်း၏ မဆင်မခြင် အရမ်းကာရော ဒလကြမ်း မောင်းနှင်မှုကြောင့် ခရီးသွားများ ပွစိပွစိဖြစ်ကုန်၏။ ယာဉ်မောင်းဘေးတွင် မတ်တပ်ရပ်လိုက်ပါ လာသော လူကြီးတစ်ဦးက အပြစ်တင်စကားပြောသဖြင့် ယာဉ်မောင်းနှင့် စကားများကြတော့သည်။ ဒေါသအလျောက် ပြောကြရင်း လူကြီးက စိတ်ဆိုးမာန်ဆိုးဖြင့်. . .

"အေး. . . ငါကမြို့ထဲသွားမယ့် ကားမှတ်လို့တက်စီးတာကွ။ လတ်စသတ်တော့ မင်းတို့ကားက အဝီစိသွား မလို့ကိုး" ဟု အော်ပြောလိုက်၏။

ထိုအခါ အခြေအနေကို ရိပ်စားနားလည်လွယ်သည့် စပ်ရွှေမောင်းက စပယ်ယာကို လှမ်းပြောလိုက်၏။

"အဝီစိဆိုရင် ကျွန်တော်မလိုက်ဘူးဗျို့ . . .ရေမှတ်တိုင်မှာ ဆင်းတော့မယ်"





# ရွှေငါးလေးသေသွားလို့

နံနက်စောစောတစ်ရက်တွင် မောင်စစ်ပုတစ်ယောက် ခြံထဲ၌ တကုပ်ကုပ် အလုပ်ရှုပ်နေသည်ကို တွေ့ရသဖြင့် ဘေးခြံမှ ကိုအောင်တင့်က ခြံစည်းရိုးဘေးမှ လှမ်းမေး၏။

တင့်။ ။"ဟေ့ . . .မောင်စစ်ပု ဘာတွေအလုပ်ရှုပ်နေသတုန်းကွ"

ပု။ ။(လှည့်မကြည့်ဘဲ)

"တားတားရွှေနားရေး တေတွားလို့ ညှုပ်မရှိ တွင်းတူးနေတာဂျ"

တင့်။ ။"ဟ. . .မင်းရွှေငါးက သေးသေးလေး. . .တူးထားတဲ့ တွင်းက အကြီးကြီးပဲ"

ပု။ ။"ကြီးမှာပေါ့ . . .တားတားရွှေနားလေးက ဦးဦးကြောင်မကြီး ဗိုက်ထဲရောက်နေတာကိုး"

တင့်။ ။"ဟေ. . ."

www.burmeseclassic.com

www.burmeseclassic.com



# ခုတင်အောက်က

# သေတ္တာကလေး

ကိုပေသီးနှင့်မခွာညို မင်္ဂလာဆောင်သည့်နေ့တွင် ကိုပေသီးက ခုတင် အောက်တွင် သေတ္တာကလေး တစ်လုံးရှိကြောင်း ယင်းသေတ္တာကလေးကို ဘယ်တော့မှ ဖွင့်မကြည့်ရန်နှင့် ဖွင့်ကြည့်ပါက လင်မယားကွဲကြရမည်ဖြစ်ကြောင်း သတိပေးရာ မခွာညိုကလည်း ကတိပေးလိုက်၏။

သို့နှင့် သူတို့၏ သာယာသောအိမ်ထောင်ရေး (၁၀)နှစ်ပြည့်ရန် တစ်ရက်အလိုတွင် မခွာညိုမှာ ခုတင်အောက်က သေတ္တာကလေးအကြောင်းကို စဉ်းစားမိပြီး ဖွင့်ကြည့်ချင်စိတ် အင်မတန်ပြင်းပြလာ၏။ ထိုကြောင့်ကိုပေသီး အလုပ်သွားခိုက် အသာခိုးဖွင့်ကြည့်ရာ ဘီယာဘူးခွံသုံးလုံးနှင့် ငွေတစ်သောင်းခွဲ တွေ့ရ၏။

သူတို့(၁၀)နှစ်မြောက်နှစ်ပတ်လည်နေ့တွင် မခွာညိုက သေတ္တာခိုးဖွင့်ကြည့်မိခြင်းကို ဝန်ခံလိုက်ရာ ကိုပေသီးက အပြစ်မတင်ဘဲ သက်ပြင်းချ၍ သူအရက်သောက်မိတိုင်း၊ အပြစ်တစ်ခုလုပ်မိတိုင်း ဘီယာဘူးခွံတစ်လုံး ထည့်ထားကြောင်း၊ သူ့အပြစ်များကို ခွင့်လွှတ်ပါရန် တောင်းပန်လေသည်။ မခွာညိုမှာ (၁၀) နှစ်ကာလအတွင်း သုံးကြိမ်ခန့်သာ အပြစ်ကျူးလွန်ခဲ့သော ကိုပေသီးကို အချစ်ပိုရပေသည်။ သို့သော် ငွေတစ်သောင်းခွဲကိစ္စ ကျန်သေးသဖြင့် မေးရာ ကိုပေသီးက မဖြေချင့်ဖြေချင့်လေသံဖြင့် ဖြေလေသည်။





"အင်း . . . အဲဒါက ဘီယာဘူးခွံတွေပြည့်သွားတိုင်း ရောင်းထားတဲ့ ပိုက်ဆံတွေ"

www.burmeseclassic.com

www.burmeseclassic.com





# ဘာယ့်နှယ့်လုပ်ရပ့်ါ

ညဖက်အိပ်မပျော်သော လူနာတစ်ဦးကို ဆရာဝန်က ပြော၏။

"ခင်ဗျားအိပ်ရာထဲရောက်တဲ့အချိန် တစ် . . . နှ သုံး . . . လေး . . . ရေတွက်လိုက်ရင် အိပ်ပျော်သွားမှာပါ"

"ကျွန်တော်လည်း အဲသည်လို ရေတာပေါ့ ဆရာရယ် ဒါပေမယ့် ကျွန်တော်က လက်ဝှေ့သမားဆရာရဲ့။ ရေရင်း နံပါတ်ကိုးလည်း ရောက်ရော ငေါက်ကနဲ ထထိုင်မိတော့တာပဲ။





# မောင်စစ်ပုနှင့်သူ့အဖေ

အဖေ ။ မင်းဆရာမကပြောတယ်။ မင်းကိုဘာမှ သင်လို့ မရဘူးတဲ့။

မောင်စစ်ပု ။ ဒါကြောင့် သားပြောတာပေါ့။ အသင်အပြ မကောင်းပါဘူးလို့။

အဖေ ။ ဟော . . . ကောင်းကွာ။ မင်းကိုရော ဆရာမက ဘာပြောသေးလဲ။

မောင်စစ်ပု ။ ဆရာမက ပြောတယ်။ နောက်ထပ်ကျောင်း တက်မယ့် ညီ ညီမတွေရှိသေးလားတဲ့။

အဖေ ။ အင်း . . . သူကဘာလို့မေးတာပါလိမ့် . . . မင်းက မပြောလိုက်ဘူးလား။ သားမှာအငယ်တွေ တစ်ယောက်မှ မရှိဘူးလို့။

မောင်စစ်ပု ။ ပြောလိုက်ပါတယ်အဖေ။

အဖေ ။ အဲဒီတော့ ဆရာမကဘာပြောလဲ။

မောင်စစ်ပု ။ အမလေး . . . တော်ပါသေးရဲ့တဲ့။

www.burmeseclassic.com

www.burmeseclassic.com



# သူဌေးကြေးပုံချင်သူ

ပေတိုးတစ်ယောက် သူငယ်ချင်းစိန်သန်းနှင့် ရုံးပိတ်ရက်၌ ရေခဲရေရောင်း၏။ တစ်နေ့သူတို့ဆိုင်ရှေ့သို့ ဆလွန်းကားသစ်ကြီးတစ်စီး ထိုးရပ်၏။ ကားမောင်းလာသူ ပုဂ္ဂိုလ်ကြီးက ဆယ်လူလာဖုန်းကို ကောက်ကိုင်လိုက်ပြီး မိမိမှာလည်း ဘာအလုပ်မှမရှိသဖြင့် ဝင်ငွေမရှိကြောင်း၊ သားသမီးများကလည်း ပြန်မကြည့်တော့ကြောင်း၊ စားစရိတ်နှင့် အိမ်စရိတ်မှာလည်းများပြားကြောင်း ဇနီးဖြစ်သူကလည်း လောင်းကစားတွင်သာ အာရုံစိုက်နေ၍ သူမှာနေ့စဉ်သွေးတိုးနေကြောင်း၊ ရှေ့ရေးအတွက် မစဉ်းစားရဲအောင်ရှိကြောင်း ပြောပြီး ကားမောင်းထွက်သွားလေသည်။ စိန်သန်းမှာ ပေတိုးတစ်ယောက် မျက်ရည်ဖြိုင်ဖြိုင်ကျနေသည်ကို တွေ့ရသဖြင့် စိုးရိမ်တကြီးဖြစ်ကာ "ဟေ့ကောင် ပေတိုး . . . ဘာဖြစ်လို့လဲ" ဟု ဂရုတစိုက် မေးရှာလေသည်။ ထိုအခါပေတိုးက... ငိုသံပါကြီးဖြင့် "မင်းမကြားဘူးလား . . . သူ့ခမျာကံမကောင်းရှာဘူး . . . သားသမီးတွေကလည်းဆိုး၊ မိန်းမကလည်းမကောင်းတော့ ဒုက္ခရောက်ရှာတာပေါ့ကွာ... ဒီလိုမှန်းသိရင်... သူ့ကားရပ်နေတုန်း ငါရေခဲရေ အလကားတိုက်လိုက်ပါတယ်" ဟုပြန်ပြောလေသည်။

စိန်သန်းမှာတော့ ကားသစ်ကြီးနှင့်လူကိုပဲ သနားရမလား၊ ကိုယ့်ကိုယ်ကိုတော့မသနားဘဲ သူ့များကို သနားနေသည့် ပေတိုးကိုပဲ ဖနောင့်နှင့်ပေါက်ရမလား . . . ဘာလုပ်ရမှန်းမသိဖြစ်နေလေသတည်း။





www.burmeseclassic.com

www.burmeseclassic.com



# မခြွင်းမချန်ပြသည့် အရင်းခံဗီဇ

လူတစ်။ ကလေးဆိုတာ ငယ်ငယ်ကတည်းက သူ့ဗီဇနဲ့ သူ့ဝါသနာက ပါလာပြီးသားဗျ။ ခင်ဗျားမှာ သားသုံးယောက်တောင်ရှိတာ သူတို့ဗီဇလေးတွေကော ဘယ်နှယ့်လဲ။

လူနှစ်။ အင်း . . . အငယ်ဆုံးကောင်က တဇွတ်ထိုးဗျ။ လက်ကလည်း အငြိမ်မနေဘူး။ ဟိုတစ်နေ့က သူ့အမေကို ပူဆာလို့ ရီမုတ်နဲ့ မောင်းတဲ့ ကားလေးတစ်စီး ဝယ်ပေးလိုက်ရတယ်။ အိမ်ရောက်ပြီး ငါးမိနစ်တောင် မကြာပါဘူးဗျာ။ ဟိုလှည့် ဒီလှည့်နဲ့ အကြမ်းပတမ်း လုပ်လိုက်တာ ပျက်သွားပါလေရော။

လူတစ်။ ဟောဗျာ . . . ဒီတော့ . . .

လူနှစ်။ အလတ်ကောင်က အင်ဂျင်နီယာ အလုပ်မျိုးကို စိတ်ဝင်စားသဗျ။ သူက အဲဒီကားနဲ့ ရီမုတ်ကို ဝက်အူလှည့် တစ်ချောင်းနဲ့ ဖွင့်ပြီး ဟိုကလိ ဒီကလိလုပ် ပြီးလည်းပြီးရော ဘယ်လိုပြန် တပ်ရမှန်းမသိတော့ဘူး

လူတစ်။ အောင်မလေး ဒုက္ခပါပဲဗျာ။





လူနှစ်။ အကြီးကောင် ကတော့ စီးပွားရေး အကွက် မြင်သလား မမေးနဲ့။ သူက အဲဒီပျက်နေတဲ့ ကားနဲ့ ရီမုတ်ကို ပစ္စည်းဟောင်း ဝယ်တဲ့ ကုလားဆီ မှာ ရောင်းစား လိုက်တယ်လေ။

www.burmeseclassic.com

www.burmeseclassic.com







# နိုးပရိုဂရမ်ဇပတိုး

တောမှပေတိုး ရန်ကုန်ရောက်ပြီး ရုံးတစရုံးတွင် ရုံးအကူအလုပ်ရ၏။ နေ့စဉ်ရုံးလုပ်ငန်းတွင် ဝန်ထမ်းများ အင်္ဂလိပ်လိုကြားညှပ်သုံးစွဲနေသည်ကို တွေ့ရသောအခါ သူလည်း အများနည်းတူပြောချင်၏။ ထိုကြောင့်သူကြားသမျှကို ဗလာစာအုပ်တစ်အုပ်တွင် ရေးမှတ်အလွတ်ကျက်ထား၏။ တစ်နေ့နေ့တွင် သူ့ကို အားလုံးအံ့သြသွားစေရမည်ဟုလည်း စိတ်တွင်ကြုံးဝါးထား၏။ တစ်ညနေရုံးဆင်းချိန်တွင် သူ၏ အရာရှိဖြစ်သူက အရေးပေါ်စာရင်းဇယားတစ်ခုကို ပြုစုရန်အချိန် မရှိတော့ကြောင်း ရေရွတ်ညည်းတွားနေသည်ကို ကြားလိုက်ရသည့်အခါ ဆရာသမားကို အောက်ပါအတိုင်း အင်္ဂလိပ်လိုညှပ်၍ ပြောဆိုနှစ်သိမ့်လိုက်လေသည်။

"ဒါလေးများ . . . ကွန်ပျူတာနဲ့ ပလင်းအောက်လုပ်လိုက်ရင် အင်ဒိုင်းဖြစ်သွားမှာပါ။ နိုးပရိုဂရမ်ပါဆရာရယ်"

---

ပလင်းအောက်= Print Out = စာရွက်ပေါ်တွင်ရိုက်နှိပ်ထုတ်ယူသည်။

အင်ဒိုင်း = In Time = အချိန်မီ

နိုးပရိုဂရမ် = Noproblem = ပြဿနာမရှိပါဘူး

www.burmeseclassic.com

www.burmeseclassic.com



# မာမီမသိဘူး . . . .
# သမီးသိတယ် . . .

ပက်ထရစ်ဂွတ်ဒိုနှင့် ဇနီးဖြစ်သူ ပင်စီအေးကြည်မတို့ မျိုးဆက်ချင်းကွာဟမှု (Generation Gap) အကြောင်းကို စကားလက်ဆုံကျနေစဉ် သူတို့သမီးချောလေး ပေရယ်ဂွက်ထော်က စိတ်ဝင်စားစွာ နားထောင်နေသည်။ ထိုစဉ် ပေရယ်ဂွက်ထော်၏ သူငယ်ချင်းများ ရောက်လာပြီး ရှခင်းသာသို့သွားရန် ခေါ်လေသည်။ ပေရယ်ဂွက်ထော် တစ်ယောက် ပျော်မြူးစွာ အဝတ်အစားလဲ လာသောအခါ စကတ်မှာ ပေါင်လည်ခန့်ရောက်နေသဖြင့် မိခင်က စကတ်ကို ဒူးအထိရောက်အောင် ဆွဲချပြင်ဆင်ပေးလိုက်ရသည်။ ထိုအခါ ပေရယ်ဂွက်ထော်က ဆောင့်ဆောင့်အောင့်အောင့်ဖြင့် မိခင်ဖြစ်သူကို ပြောလိုက်သည်မှာကား . . .

"မာမီ . . . မျိုးဆက်တစ်ခုနဲ့တစ်ခု ဘယ်လောက်ကွာတယ် ဆိုတာ အခုသမီးသိပြီ။ "လေးလက်မ" ကွာတယ် သိလား"တဲ့။





www.burmeseclassic.com

www.burmeseclassic.com





# ကြည့်လည်းမပြောပါဦး

မငွေစိန်ရဲ့သမီး လှလေးစိန်တစ်ယောက် သားဦးလေး ဖွားဖို့ဆေးရုံကို ရောက်နေပါတယ်။ အဖော်အလှော်ရအောင် ဆိုပြီး မငွေစိန်ရဲ့ညီမ အပျိုကြီး မရွှေမှိန်ကို ခေါ်လာခဲ့ပါသတဲ့။ သားဦး ကလည်းဖြစ် ကလေးကလည်းထွားလို့ ထင်ပါရဲ့ ဗိုက်က တအားကို



နာတော့ ကုတင်ပေါ် လူးလူးလိမ့်လိမ့်ကို ခံစားနေရရှာတာပေါ့. အတွေ့အကြုံမရှိတဲ့ လှလေးစိန်တစ်ယောက် ဗိုက်ကနာလွန်းတော့ သူ့အမေအင်္ကျီစကို ဆွဲပြီး...

"အမေ... သမီးကိုတစ်ခုခုလုပ်ပေးပါဦး။ သမီးနာလှပြီ၊ အား... ကျွတ်.. ကျွတ်.. ကျွတ်" လို့ အားကိုးတကြီး ပြောရှာတယ်။ အမေလုပ်သူခမျာလည်း သူ့သမီးဗိုက်နာတာက မမွေးမချင်း ပျောက်မှာမဟုတ်ဘူးဆိုတာ သိလေတော့ တောသူမ ရိုးရိုးကြီးပီပီ--

"အမေလည်း ဘာမှမလုပ်တတ်ပါဘူး အေရယ်" လို့ ပြန်နှစ်သိမ့်သတဲ့။

အဲဒီတော့ လှလေးစိန်က သူ့အမေကိုတစ်ချက် ကြည့်ပြီး သူ့အဒေါ် အပျိုကြီးမရွှေမှိန်ဖက်လှည့်လို့ ...

"အမေတို့မျှားအံ့ပါရဲ့ ... ကလေးတွေ ဒီလောက် မွေးလာတာတောင် ဘာလုပ်ရမှန်းမသိဘူးတဲ့၊ ဒေါ်လေးမှိန်... အမေ့ကို ကြည့်လည်းပြောပါဦး" လို့ ဆောင့်ဆောင့်အောင့်အောင့် ပြောလိုက်ပါသတဲ့။

www.burmeseclassic.com





ကျွန်တော်နှင့်ဘေးအိမ်မှ တူမလေးပူစူးတို့ တီဗီကြည့်နေကြစဉ် "ဆိုကြမယ်၊ပျော်ကြမယ်" အစီအစဉ် အရောက် ပူစူးက ပရိတ်သတ်ကြားမှ သူ့မိခင်ကို ညွှန်ပြလျက်

"အဲဒီနေ့က... မေမေ တော်တော်လေး နေမကောင်းဖြစ်နေတာ... ဦးဦးရဲ့ ..."

"ဟုတ်လား"

သို့သော် ကျွန်တော့်အမြင်တွင်မူ သူ့မိခင်မှာ နေမကောင်းဖြစ်ဖို့ နေနေသာသာ နှာစေးနေပုံပင် မရချေ။ ထို့ကြောင့်...

"ဟယ်... ပူစူးရယ်... မဖြစ်နိုင်တာ၊ သမီးမေမေ ကြည့်ရတာ အကောင်းကြီးပါ"

ထိုအခါ ပူစူးက ခေါင်းတစ်ခါခါနှင့် ပြန်၍ခွန်းတုံ့ပြေသည်ကား-

"ဟုတ်ပါတယ်ဦးဦးရဲ့ ... မေမေတကယ်နေမကောင်းဖြစ်တာ... အဲဒီနေ့က သမီးရှေ့မှာတင် ရုံးကိုဖုန်းဆက်ပြီး အရမ်းကို နေမကောင်းဖြစ်လို့ ရုံးမတက်နိုင်ဘူးဆိုပြီး ပြောတာကို သမီးကိုယ်တိုင် ကြားရတာ"တဲ့ခင်ဗျ။






မောင်စစ်ပုကို မူကြိုကျောင်းပို့တိုင်း ဖခင်ဖြစ်သူ ကိုကျော်က အင်္ကျီကြယ်သီး အပြည့်အစုံတပ်ပေးခြင်း၊ ခေါင်းဖြီးပေးခြင်းတို့ကို နေ့စဉ်လုပ်ပေးနေရ၏။ ထို့ကြောင့် သားဖြစ်သူကို...

"မင်းကွာ... ကျောင်းသွားမယ်ဆိုရင် အမြဲ သေသေသပ်သပ်သွားပါဆိုတာ ပြောလို့ကိုမရဘူး"


ဟုမြည်တွန်၏။ ထိုအခါမောင်စစ်ပုက...

"ဟာဗျာ... အဖေကဘာသိလို့လဲ၊ ဒါမှကျောင်းရောက်ရင် ဆရာမတွေက သားကိုကြယ်သီးတပ်၊ ခေါင်းဖြီးပေးတာဗျ"တဲ့။

www.burmeseclassic.com

www.burmeseclassic.com






# မြင်ဖူးပေါင် အသွင်ထူးကောင်

ဩစတြေးလျသို့ အလည်အပတ်ရောက်သွားသော တက်ဆပ်နယ်သားတစ်ဦးသည် နွားခြံပိုင်ရှင်တစ်ဦးနှင့် စကား လက်ဆုံကျ၏။ တက်ဆပ်နယ်သားက သူ့နွားခြံမှာ ဤခြံထက် နှစ်ဆမျှ ကျယ်ဝန်းကြောင်း၊ သူ့နွားများမှာလည်း ဤခြံမှနွားများ ထက် နှစ်ဆမျှ ပိုကြီးမားထွားကျိုင်းကြောင်း ကြွားဝါလေသည်။ ထိုသို့ ကြွားဝါနေခိုက် သားပိုက်ကောင်အုပ်ကြီး တစ်အုပ်ကို လှမ်းတွေ့လိုက်ရလေသည်။ ထိုအခါ ခြံပိုင်ရှင်ကို

"အဲဒါ ဘာကောင်တွေတုန်း" ဟုမေး၏။

ထိုအခါ အမြင်ကပ်နေပြီဖြစ်သော နွားခြံပိုင်ရှင်က

"ခင်ဗျားတို့ တက်ဆပ်မှာ ဒီလိုကြီးမားထွားကျိုင်းတဲ့ နံကောင်မျိုးတွေ မမြင်ဖူးဘူး ထင်တယ်"ဟု ငေါ့တော့တော့ ပြောလိုက် လေသတည်း။





# ဟုတ်ဖူးလေ

ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားရာ တစ်ဘက်မှ ယာဉ်မောင်း အမျိုးသမီးမှာ ထိတ်လန့်မှုကြောင့် တဆတ်ဆတ်တုန်လျက်ရှိရာ၏။ ဘေးမှဝိုင်းဝန်းကူညီသူများက ဝိုင်းဝန်းနှစ်သိမ့်ကာ မည်သူမည်ဝါ ဖြစ်သည်၊ ထိခိုက်ဒဏ်ရာ ရှိမှုရ မေးမြန်းသော်လည်း အဖြေမရချေ။ မကြာမီ သူမ တအီအီ ငိုကြွေးတော့သည်။

ထိုအခါ သနားတတ်သူတစ်ဦးက လက်ကိုင်ဖုန်းဖြင့် ဆေးရုံသို့ ဖုန်းဆက်လေသည်။

"ဟဲလို---အရေးပေါ်ကလား---ဒီမှာ ယာဉ်တိုက်မှုဖြစ်လို့ အမျိုးသမီးတစ်ဦး ဒဏ်ရာရနေပါတယ်---အဲဒါ---လူနာတင်ကား ခေါ်ချင်လို့ပါ"---ဟုတ်ကဲ့---အော်---ဒဏ်ရာလား ဒဏ်ရာကတော့ များမယ်ထင်တယ်ခင်ဗျ---သူကလဲရှော့ဖြစ်နေတော့ ကျွန်တော်တို့ ဘာမှမေးလို့မရဘူးဗျာ -- အော်---အင်း---အသက်က---၃၅ လောက်ရှိမယ်ထင်တယ်""

ထိုအခါ လူနာအမျိုးသမီးကငိုရှိုက်ခြင်းကို ခေတ္တရပ်ကာ ဖုန်းဆက်သူအား မော့ကြည့်၍

"ကျွန်မအသက်ကသုံးဆယ်ရှင့်" ဟုပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com








# အိုးနဲ့စလောင်း

ယနေ့ မရွှေအေးထမင်းမချက်ဘဲ ကိုရွှေရိုးကို ဆန္ဒပြသည့် သဘောဖြင့် ရေမိုးချိုးပြီး ကာတွန်းစာအုပ် ဖတ်နေလေရာ ကိုရွှေရိုးလည်း ဗိုက်ဆာလာသဖြင့် "ဟဲ့ရွှေအေး . . . ထမင်းမချက်ဘူးလား။ ငါဗိုက်ဆာနေပြီ" ဟုမေး၏။

မရွှေအေးက ကာတွန်းဖတ်ရာမှ ဇိမ်ပျက်သွားသဖြင့် ပြန်အော်၏။

"ရှင် . . . ကျွန်မကိုပဲ အားကိုးနေတယ်။ ကျွန်မ သေသွားရင် ဘယ်လိုလုပ်မလဲ၊ ရှင့်ဘာသာရှင်ပဲ ချက်ရမှာ မဟုတ်လား။ ခုလဲ ကျွန်မ သေပြီလို့သဘောထားလိုက် . . ."

"ဪ . . . ဒီလိုလား . . . သိပ်ရတာပေါ့"

ခဏကြာလျှင် မီးဖိုချောင်မှ ထုထောင်းရိုက်ပုတ် ချက်ပြုတ်သံများကြားရပြီး ဟင်းနံ့က အိမ်ရှေ့ခန်းသို့ လွင့်ပျံ့လာလေတော့ မရွှေအေးလည်း ဗိုက်ဆာလာပါပြီခင်ဗျ . . . ။ ဒါကြောင့်လည်း . . . သံချိုလေးဖြင့် . . . . "ကိုကိုရွှေရိုး . . . ချက်ပြုတ်ရတာအဆင်ပြေရဲ့လားဟင်"

"အင်း . . . မဆိုးပါဘူး။ ငါတောင်စားပြီးပြီ"

"ဟင် . . . ကျွန်မစားဖို့ . . ."

"မင်းသေသွားပြီဆိုမှတော့ ထည့်ချက်ဖို့လိုသေးလို့လား မိန်းမရယ်"

www.burmeseclassic.com

www.burmeseclassic.com



# ဘယ်လမ်း

"ဖေဖေ . . . "ရွှေးချယ်ရမယ့်နည်းလမ်း" ဆိုတာ ဘာကိုပြောတာလဲဟင်"

ခလေး ဖိုးသိချင်က အဖေဖြစ်သူ ကိုစိတ်တိုကို မေး၏။ ကိုစိတ်တိုက ဒီတစ်ခါ စိတ်ရှည်နေ၏။ လေပေါ်နေ၏။ ကလေးကို ဉာဏ်ရည်တက်လာအောင် ပြုစုပျိုးထောင်ပေးရမည်မှာ မိဘတာဝန် မဟုတ်ပါလော . . .။

"သားဟာ လူငယ်လေးတစ်ယောက်ဆိုပါတော့။ ဝင်ငွေရအောင် သား ကြက်မတစ်ကောင်ဝယ်မယ်။ ကြက်မက ဥအုမယ်။ ကြက်ကလေးတွေပေါက်မယ်။ ဒါဆိုသားမှာ ကြက်ကလေးတွေ များလာပြီး ကြက်ခြံကြီး ပိုင်လာမယ်။ ပိုက်ဆံတွေရမယ်။ ကားတွေ အိမ်တွေရမယ်။"

"ဟာ... ဖေဖေကလည်း "ရွှေးချယ်ရမယ့်နည်းလမ်း" ဆိုတာရဲ့ အဓိပ္ပါယ်ကိုသိချင်တာ။"

"အေးလေ... အဲဒါကို သားနားလည်အောင် အဖေ ရှင်းပြနေတာပေါ့။ ကဲ အခုသားက ချမ်းသာနေပြီ။ ဒါပေမယ့် တစ်နေ့ သားကြက်ခြံမှာ ရေတွေကြီးလို့ ကြက်တွေ သေကုန်ရော ဆိုပါတော့ ဘာလို့လဲဆိုတော့ ကြက်ကရေမှ မကူးတတ်တာကိုး"

အဖေတူ ဖိုးသိချင် စိတ်တိုလာပါပြီ။

"ရွှေးချယ်ရမယ့်နည်းလမ်းကိုသာပြောပါဖေဖေ"

ကိုစိတ်တိုလည်းသားနှင့်အပြိုင် ဒေါသထွက်လာချေပြီ။





"အေး . . . ရွှေးချယ်ရမယ့်နည်းလမ်းကတော့ "ဘဲ" မွေးဖို့ပေါ့ကွ။ ဘဲဆိုရင်ရေကူးတတ်တယ် . . . သိပြီလား"

www.burmeseclassic.com




ကိုထုံထိုင်းသည် ဖခင်၏တစ်ခုတည်းသော အမွေဖြစ်သည့် ဖိယက်ကားအိုကြီးကို အမြတ်တနိုး နေလေ့ရှိသူဖြစ်သည်။ တစ်နေ့တွင် ဟောင်းအိုလှပြီသော ဖိယက်ကားအိုကြီး၏ သံစုံမြည်သံကြားတွင် မီးခိုးတစ်လုံးလုံးဖြင့် ခရီးသွားနေသည့်အဖြစ်ကို မြည်တွန်တောက်တီးလျက်ရှိသည့် မိခင်အား လစ်လျူရှုလျက် ကြိုးစားပမ်းစား ကားမောင်းနေသူဖခင်ကို သနားနေသော ငါးနှစ်သမီးလေး စပ်စုမက ဖြေသိမ့်သော သဘောဖြင့် မေးခွန်းတစ်ခုမေးလေသည်။

"ဖေဖေ... ကားတစ်စီးဟာ ဟောင်းသထက် ဟောင်းလာပြီ မောင်းလို့မရတော့ဘူးဆိုရင် ဘယ်လိုလုပ်ရမလဲ...ဟင်"

ဖခင်ဖြစ်သူ ကိုထုံထိုင်း မဖြေရသေးမီ မိခင်ဖြစ်သူ မရွှေကျေးက မဲ့ကာရွဲ့ကာဖြင့်....

"ဘာမှလုပ်မနေနဲ့... နင့်အဖေကိုသာရောင်းလိုက်၊ ဝယ်လိမ့်မယ်..."

ဟု ဝင်ပြောလိုက်လေသတည်း။





# ငရဲကိုလည်း လိုက်မှာပဲဆို . . .

အမြဲအလွဲလွဲအချော်ချော် လုပ်တတ်သူ ကိုအံ့ချော်သည် ပုဂံမြို့မှနေ၍ ဇနီးဖြစ်သူထံ သူရှိရာပုဂံသို့ လိုက်လာရန် ကြေးနန်းရိုက်လိုက်ရာ အိမ်အမှတ်များရေးလိုက်သဖြင့် ၎င်းအိမ်အမှတ်နေ မုဆိုးမ ပူပူနွေးနွေးကလေးမှာ ကိုအံ့ချော်၏ ကြေးနန်းစာကြောင့် သတိမေ့လဲကျသွားလေရာ ဆေးရုံသို့ပို့ လိုက်ရလေသည်။

ကိုအံ့ချော်ရေးလိုက်သည့် ကြေးနန်းမှာ...

"ချစ်... ကိုကို အင်မတန်ထူးခြားတဲ့ နေရာကို ရောက်နေ၊ ဘာမှမပူနဲ့ မနက်ဖန် ချစ်လိုက်လာဖို့ ကိုကို အားလုံးစီစဉ်ပြီး၊ ကိုကို ကြိုနေမယ်။ ဒီမှာအရမ်းပူတယ်။ ချစ်ကကိုကိုနဲ့ဆို ငရဲပဲလိုက်ရလိုက်ရ ပျော်မှာပဲဆို၊ လိုက်ခဲ့နော် အမြန်၊ မျှော်နေမယ် (ကိုကို)" ဟူ၍ ဖြစ်သတည်း။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com







# တီတ်တီတ် နေမယ် .. ရပါတယ်

ကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်သူ ကျွန်မမှာ မနက်စောစော အစည်းအဝေးများကြောင့် မကြာခဏဆိုသလို တက္ကစီကားဖြင့် သုတ်ခြေတင်ရလေ့ရှိ၏။ လမ်းတစ်လျှောက် အစည်းဝေးသို့ တင်ပြရမည့် စာရွက်စာတမ်းများအား စစ်ဆေးပြင်ဆင်နေစဉ် ယာဉ်မောင်းဖြစ်သူများ၏ အလွှာပသလ္လာပ ပြောဆိုမှုများကြောင့် အမြဲအနှောင့်အယှက်ဖြစ်ရ၏။ ထို့ကြောင့် တစ်နေ့ ကျွန်မစီးသော တက္ကစီယာဉ်မောင်းအား တိတ်တိတ် နေပေးပါရန် ကြိုတင်မေတ္တာရပ်ခံခဲ့၏။ ထို့ကြောင့်ပထမပိုင်းတွင် တိတ်ဆိတ်စွာနေ၏။ သို့သော် များမကြာမီပင် သူက . . .

"ကျွန်တော် လေချွန်လို့ရမလား အစ်မ"

အင်း . . . ဒီလောက်ကတော့ အနှောက်အယှက် မဖြစ်တန်ကောင်းဟု ထင်၏။ ထို့ကြောင့်

"ရတယ် . . . ရတယ် . . . ကြိုက်သလောက်သာချွန်"

သူခဏငြိမ်သွား၏။ တစ်ခုခုကို စဉ်းစားနေပုံရပြီး သူထပ်မေးပြန်၏။

"အစ်မ . . . ကာလပေါ်သီချင်းကြိုက်လား . . . စတီရီယိုသီချင်း ကြိုက်လားဟင်"

www.burmeseclassic.com

www.burmeseclassic.com



# အားပါဘူးဆိုဗျ

သည်တစ်ခေါက် နယ်ခရီးလမ်းကကြမ်းလှ၏။ မြေသားလမ်းတွေပေါ် ချိုင့်တွေ၊ ကျင်းတွေရှောင်မောင်းရခြင်းကြောင့် ခရီးလည်းဖင့်၏။ ဝါးတစ်ရိုက် ခန့်ရှိသောချိုင့်ခွက် အရှည် တစ်ခုကို ဖြတ်မောင်းချိန်တွင်ကားမှာ လေးဘီးစလုံး ဗွက်နစ်ကာ မောင်းမရတော့ချေ။ နေလည်းဝင်ပြီမို့ အမှောင်ထုက မကြာမီ လာတော့မည်။ အားလုံးစိတ်မောလှူမောဖြစ်နေကြစဉ် ကယ်တင်မည့်သူ တစ်ဦးရောက်လာ၏။ သူ့တွင်ပါလာသည့် နွားတစ်ရှဉ်းနှင့် ကားကိုဆွဲပေးမည်၊ ငွေတစ်ထောင်တော့ပေးရမည်ဟုဆို၏။ ကားကို ဗွက်ထဲမှ ဆွဲတင်ပြီး၍ ငွေထုတ်ပေးစဉ် စကားစမည် ပြောမိကြသည်။

လယ်သမား။ ။"အခုဆရာလေးတို့ကားနဲ့ဆိုရင် ဒီနေ့ကျွန်တော် ဆွဲတင်ပေးတာ ဆယ်စီး ရှိပြီ"

ကျွန်တော်။ ။"ဟုတ်လား---ဒါဆိုခင်ဗျား အလုပ်လုပ်ချိန် ဘယ်ရှိတော့မလဲ---ညဘက်မှာပဲ လုပ်ရတော့မှာပေါ့"

လယ်သမား။ ။"ညဖက်လည်း ဘယ်လုပ်နိုင်မလဲဆရာလေးရယ်"

ကျွန်တော်။ ။"ဟင်--ဘာဖြစ်လို့"

လယ်သမား။ ။"ဒီဗွက်ကြီးပြည့်အောင် ရေထမ်းလောင်း နေရတာကိုး"






www.burmeseclassic.com

www.burmeseclassic.com





# နားလည်ပေးပါ

လူငယ်သုံးဦးသည် ဗဟိုအမျိုးသမီးဆေးရုံတွင် ဇနီးသည်များ မီးဖွားသည်ကို ရင်ခုန်စွာမျှော်လင့်စောင့်စားလျက်ရှိကြ၏။ ညဆယ်နာရီတွင် သူနာပြုတစ်ဦး ထွက်လာပြီး ပထမလူငယ်ကို ပြော၏။



"ရှင်ကံကောင်းတယ်သိလား - - သားအမွှာလေး နှစ်ယောက် မွေးတယ်ရှင့်"

ပထမလူငယ်ကထခုန်၏။

"ဝေး---သားလေးနှစ်ယောက်တဲ့---တိုက်ဆိုင်လိုက်တာ"

"ဟင်---ဘာဖြစ်လို့"

"ကျုပ်က တို့ညီနောင်ပွဲရုံမှာ မန်နေဂျာဗျ"

နောက်နာရီဝက်ကြာသော် ထိုသူနာပြုထွက်လာပြီး ဒုတိယလူငယ်ကို ပြောပြန်၏။

"ရှင်လည်းဝမ်းသာတော့---ယောက်ျားလေးသုံးမွှာပူးရှင့်-အားလုံး ကျန်းမာတယ်"

"ဝမ်းလည်းသာ--ဝမ်းလည်းနည်းပါတယ့်ဆရာမရယ်--ကျနော်လည်း တိုက်ဆိုင်ပြန်ပြီ"

"ဟင်--ဘာဖြစ်လို့လဲ"

"ကျနော်က သရီးအမ် (3m) စားသောက်ဆိုင်မှာ အလုပ်လုပ်တာ ဆရာမရဲ့"

တတိယလူငယ်က ဘာမှမပြောဘဲ မျက်နှာမကောင်းလှစွာဖြင့် ထပြန်ရန် ဟန်ပြင်လေသည်။

"ဟင်---ရှင့်မိန်းမကမမွေးသေးဘူးလေ---ဘယ်သွားမလို့လဲ"

"စိတ်ညစ်လို့ ပြန်တော့မယ်ဆရာမရယ်---ကျနော်က ဆဲဗင်းအပ် (7up) ကြေးအိုးဆိုင်မှာလုပ်တာဗျ—"

www.burmeseclassic.com

www.burmeseclassic.com



# ချစ်စကို ရှည်စေ . . . တဲ့

တစ်နေ့မောင်လိမ္မာ ကျောင်းကပြန်လာချိန်တွင် မျက်စိတစ်ဖက် ညိုမည်းလာ၏။ မိခင်ဖြစ်သူက မေးသောအခါ အတန်းဖော်တစ်ဦးနှင့် ရန်ဖြစ်လာကြောင်းပြောပြ၏။ အစိုးရိမ်ကြီးသော မိခင်ဖြစ်သူက

"ရန်ဖြစ်တာ မကောင်းပါဘူး သားရယ်. . . မနက်ဖြန် သားအတွက် ကိတ်မုန့်တစ်ခုအပြင် အပိုတစ်ခုထည့်ပေးလိုက်မယ် သားသူ့ကို သွားကျွေးပြီး နောက်ရန်မဖြစ်အောင် ခင်ခင်မင်မင် နေနော် . . . ဟုတ်လား"

နောက်တစ်နေ့ ကျောင်းက ပြန်လာသောအခါ မောင်လိမ္မာ၏ ကျန်မျက်စိတစ်ဖက်ပါ ညိုမည်းလာသည်ကို တွေ့လိုက်ရ၏။ မိခင်ဖြစ်သူက . . .

"ဟင် . . . ဒါကဘယ်လိုဖြစ်လာရပြန်တာလဲ . . . "

မောင်လိမ္မာကမိခင်ကို မော့မကြည့်ဘဲခပ်တိုးတိုးဖြေ၏။

"သူက. . . သူက. . . နောက်ထပ်ကိတ်မုန့်စားချင်လို့တဲ့ မေမေရဲ့"





www.burmeseclassic.com

www.burmeseclassic.com





# တကယ့်ဒုက္ခ

မောင်စစ်ပုတစ်ယောက် ဆေးခန်းလာပြရင်း သူနှင့် ရွယ်တူမိန်းခလေးတစ်ယောက် ဆေးခန်းထောင့်တွင် ငိုနေသည်ကို တွေ့ရလေသည်။ သနားကြင်နာတက်သော မောင်စစ်ပုက အနားသို့သွား၍မေး၏။

"နင်ဘာဖြစ်လို့ ငိုနေတာလဲဟင်---"

မိန်းခလေးက ရှိုက်ငိုရင်းဖြေ၏။ "ငါ--- လက်ညှိုးကို သွေးဖောက်စစ်ပြီးရင် အဲဒီလက်ညှိုးကို ဖြတ်ရမှာတဲ့ --- ဟီး---ဟီး----အီး"

ထိုစကားကို ကြားလိုက်ရသည့်ခဏ၌ မောင်စစ်ပု တစ်ယောက်လည်း ချုံးပွဲချ ငိုကြွေးလေတော့သတည်း။ မိန်းခလေးလည်း လန့်ဖြန့်ကာ အငိုတိတ်သွား၏။

"ဟင်—နင်ကဘာဖြစ်လို့ငိုတာလဲ---ငါ့ကိုသနား လို့လား"

"ဟုတ်ဘူး--- ဟုတ်ဘူး--- ငါက--- ငါက ဆီးစစ်ဖို့ ဒီဆေးခန်းကိုလာတာ "--- အမလေး--- အကျိုးတော့နည်းပါပြီဗျ ဟီး-- ဟီး-- ရှုတ်-- ။

www.burmeseclassic.com